မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၁)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေး

"နည်းပညာသည် အနာဂတ်ကို ပုံဖော်သူ" ဟူသည့်စကားနှင့်အညီ ယခုပွဲမှ ရရှိလာမည့် နည်းပညာဆိုင်ရာ အသိပညာအတွေ့အကြုံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတစ်ခုဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဒစ်ဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့်ပြပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အဦ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာ ချာလီသန်း၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြည်တွင်း၊ပြည်ပနည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားတွင် ပြသထားရှိသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

ယနေ့ ဗတ်စရာ

နိုင်ငံတော်၏ အသက်သွေးကြော၊ ရွှေရောင်လွင်ပြင်၏ ပဲ့ကိုင်ရှင်များ

ဆောင်းပါး စာ ၁၀

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့် အထိမ်းအမှတ်စာစောင်တွင် ထည့်သွင်းထုတ်ဝေရန် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများ ဖိတ်ခေါ်ခြင်း

ပြည်တွင်းသတင်း စာ ၁၂

နိုင်ငံအရေးနှင့် လူငယ်ထုစွမ်းအား

နိုင်ငံတည်ဆောက်ရေးဆိုသည်မှာ နိုင်ငံခေတ်မီရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားတိုးတက်ရေးဟူသော ဝေါဟာရတို့နှင့် အနက်အဓိပ္ပာယ် အတူတူပင်ဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးဟူသည် နိုင်ငံရေးသိပ္ပံပညာရှင်တို့၏ စကားရပ်ဖြစ်သည်။ ၎င်းကိုပင် လူမှုဗေဒပညာရှင်တို့က နိုင်ငံခေတ်မီရေးဟုသုံးစွဲကြပြီး စီးပွားရေးပညာရပ် ရှုထောင့်မှဆိုလျှင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးဟုဆိုခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတည်ဆောက်ရေးတွင် အခြေခံအကျဆုံးသော အကြောင်းတရားသည် နိုင်ငံရေးဆိုင်ရာ အကြောင်းတရားများပင်ဖြစ်သည်ဟု ပညာရှင်အများက သဘောညီကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟုဆိုရာတွင် စီးပွားရေးဆိုင်ရာ အကြောင်းတရားများသည် အရေးပါသည့်တိုင် ယင်းသည် နိုင်ငံရေးအကြောင်းတရား၏ လက်အောက်ခံသာဖြစ်သည်။ နိုင်ငံကို မည်သို့ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဟူ၍ မူဝါဒချမှတ်သည့်နယ်ပယ်မှာ နိုင်ငံရေးနယ်ပယ်သာလျှင်ဖြစ်ရာ နိုင်ငံရေးဖွံ့ဖြိုးရန်သည် အခြေခံလိုအပ်ချက်ဖြစ်သည်။ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောနိုင်ငံရေးအခြေအနေများ ဖွဲ့စည်းဖြစ်ပေါ်လာခြင်းကို ဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်သည့်အလျောက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လိုပါက ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် နိုင်ငံရေးကို ရရှိအောင်လုပ်ရမည်ဟုဆိုသည်။ ယင်းသို့ ဆိုသည့်တိုင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အားအနည်းဆုံးမှာလည်း နိုင်ငံရေးဖွံ့ဖြိုးမှု (political development) ပင်ဖြစ်သည်ဟု ဆိုကြသည်။

မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံရေးအတွေ့အကြုံ ရင့်ကျက်မှုနှင့် နိုင်ငံရေးပျိုးထောင်မှု (political culture) အခြေအနေတို့ မြင့်မားရန်လိုအပ်သလို ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သော နိုင်ငံရေးအယူအဆများနှင့် နိုင်ငံရေးဖွဲ့စည်းမှုများလည်းရှိနေရမည်ဖြစ်သည်။ နိုင်ငံရေးပျိုးထောင်မှုဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိ လူတို့၏နိုင်ငံရေးဆိုင်ရာ သဘောထားနှင့် လက်တွေ့လုပ်ရပ်အစုအပေါင်းကို လွှမ်းခြုံခေါ်ဆိုခြင်းဖြစ်သည်။

လက်ရှိမိမိတို့နိုင်ငံသည် အပြောင်းအလဲကာလတစ်ရပ်သို့ ရောက်ရှိနေပြီး မကြာမီရက်သတ္တပတ်အနည်းငယ်အတွင်း လွှတ်တော်များနှင့် အစိုးရသစ်တစ်ရပ်တို့ ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့အတွင်း အပိုင်းလိုက်ခွဲ၍ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူတို့၏ နိုင်ငံရေးရင့်ကျက်မှုနှင့် တက်ကြွမှုတို့ကို မိမိတို့ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြရသည်။ အစွန်းရောက်အကြမ်းဖက်များ၏ ခြိမ်းခြောက်မှုနှင့် နှောင့်ယှက်ဟန့်တားမှုများကြားကပင် နိုင်ငံရေးပါတီများက စိတ်အားထက်သန်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် မိမိတို့နှစ်သက်ရာ နိုင်ငံရေးပါတီများကို စိတ်ဝင်တစား လာရောက်မဲပေးခဲ့ကြသည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲ အပိုင်း (၃) ပိုင်းလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိသည့်အနက် မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့ရာ မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော် ရှိခဲ့သည်။

မဲပေးခွင့်ရှိသူ စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းတို့၏ အသက်အရွယ်အပိုင်းအခြားမှာ ၁၈ နှစ်မှ ၃၀ နှစ်ကြား ၂၄ ရာခိုင်နှုန်း၊ ၃၀ နှစ်မှ ၄၀ နှစ်ကြား ၂၁ ရာခိုင်နှုန်း၊ ၄၀ နှစ်မှ ၅၀ နှစ်ကြား ၂၀ ရာခိုင်နှုန်း၊ ၅၀ နှစ်မှ ၆၀ နှစ်ကြား ၁၇ ရာခိုင်နှုန်း၊ ၆၀ နှစ်မှ ၇၀ နှစ်ကြား ၁၁ ရာခိုင်နှုန်း၊ ၇၀ နှစ်အထက် ၇ ရာခိုင်နှုန်းရှိရာ ဆန္ဒမဲပေးခွင့်ရှိသူမဲဆန္ဒရှင်များစာရင်းတွင် လူငယ်ပါဝင်မှုရာခိုင်နှုန်း မြင့်မားသကဲ့သို့ ဆန္ဒမဲပေးကြရာတွင်လည်း လူငယ်များပါဝင်မှု ရာခိုင်နှုန်းမြင့်မားခဲ့ရာ နိုင်ငံ့အရေးတွင် လူငယ်များ၏ စိတ်ဝင်စားမှုနှင့် တက်ကြွမှုတို့ကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ယင်းအချက်က မကြာမီပေါ်ထွက်လာမည့် အစိုးရသစ်အနေဖြင့် ဆောင်ရွက်ရမည့် ပြည်သူတို့၏ မှန်ကန်သော ဆန္ဒသဘောထားဖော်ပြချက်များကို လက်တွေ့လုပ်ငန်းများအဖြစ် ပြောင်းလဲပေးနိုင်သည့် နိုင်ငံရေးယန္တရားသက်ဝင်လှုပ်ရှားလာရေးအတွက် လွန်စွာအရေးကြီးသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရနှင့် ပြည်သူတို့၏ နိုင်ငံရေးရင့်ကျက်မှုသည် မရှိလျှင်မဖြစ်လိုအပ်သကဲ့သို့ အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်နားလည်မှုနှင့် တာဝန်ရှိမှုအမြင်များ တိုးတက်မြင့်မားရေးပေါ်တွင် အခြေခံဆောင်ရွက်သွားကြရမည်ဖြစ်ရာ နိုင်ငံအရေးတွင် တက်ကြွသည့်လူငယ်ထု၏အင်အားကို အလေးအနက်ထား၍ အကျိုးရှိရှိ၊ ထိထိရောက်ရောက် ပါဝင်ခွင့်ပေးခြင်းဖြင့် နိုင်ငံကိုအရှိန်အဟုန်ဖြင့် တည်ဆောက်ကြရပါမည့်အကြောင်း။ ။

၂၇ - ၂ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူးချုပ် (တွဲဖက်အတွင်းရေးမှူး) ဦးဇော်မြင့်ဦးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀ နှင့် ၀၁-၈၆၀၄၇၅၁ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၂ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၄၁၅	၂၅၃၀	၂၄၉၅	၂၄၃၀	၂၅၃၅	၂၅၅၀	၂၅၇၀	၂၄၉၀	၄၅၀၅	၂၇၈၀	၂၅၀၅	၂၆၆၀	၂၅၇၅	၂၅၄၀	၂၅၆၅	၂၈၂၀
95 Ron	၂၄၈၀	၂၅၉၀	၂၅၆၀	၂၄၉၅	၂၆၀၀	၂၆၁၅	၂၆၃၀	၂၅၅၀	၄၅၆၀	၂၈၄၅	၂၅၆၅	၂၇၃၀	၂၆၄၀	၂၆၁၅	၂၆၂၅	၂၈၀၀
HSD (500 ppm)	၂၅၆၅	၂၆၀၀	၂၆၄၅	၂၅၀၀	၂၆၁၅	၂၇၀၀	၂၇၂၀	၂၆၃၅	-	၂၉၃၀	၂၆၅၅	၃၀၃၅	၂၇၂၅	၂၆၉၀	၂၇၁၀	၂၉၇၀
HSD (50 ppm)	၂၈၄၅	၂၉၆၀	၂၉၂၅	၂၈၆၀	၂၉၆၅	၂၉၀၀	၃၀၀၀	၂၉၀၅	၄၈၃၀	၃၂၁၀	၂၉၃၅	၃၀၇၅	၃၀၀၅	၂၉၇၀	၂၉၉၅	၃၂၅၀
HSD (10 ppm)	၂၈၄၅	၂၉၆၀	၂၉၂၅	၂၈၆၀	၂၉၆၅	၂၉၀၀	၃၀၀၀	၂၉၀၅	-	၃၂၁၀	၂၉၃၅	၃၀၇၅	၃၀၀၅	၂၉၇၀	၂၉၉၅	၃၂၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၂၆၃	၂၃၄၂
95 Ron	၂၃၂၃	၂၄၀၃
HSD (500 ppm)	၂၄၀၈	၂၄၈၆
HSD (50 ppm)	၂၆၇၉	၂၇၆၂
HSD (10 ppm)	၂၆၇၉	၂၇၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်		သတင်းထောက်မှူး - ခင်ရတနာ	
ဒုတိယစာတည်းမှူးချုပ် - မြင့်စိုး		အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊	
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း		သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)	
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်		ဓာတ်ပုံသတင်းထောက် - တင်စိုး	
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့	
သုတေသန - အိအိခင်နှင့် အဖွဲ့		အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့	
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့			

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❑ ယခုနည်းပညာဖလှယ်ပွဲနှင့်ပြပွဲမှတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် Software များ၊ Hardware များနှင့် ဆန်းသစ်သည့် Solution များကို ဖန်တီးနိုင်မည်ဟု မိမိတို့ ယုံကြည်၊ ယခုနည်းပညာပြပွဲတွင် ပြသထားသည့် ကျောင်းသားလူငယ်များ၏ Project များသည် မိမိတို့နိုင်ငံ၏ အနာဂတ် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ အုတ်မြစ်များဖြစ်လာရန်မျှော်လင့်

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် Digital Transformation ဟုခေါ်သည့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု အရှိန်အဟုန်ဖြင့် တိုးတက်နေသည့် ခေတ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒစ်ဂျစ်တယ်မြန်မာနှီးနှောဖလှယ်ပွဲနှင့်ပြပွဲကို ကျင်းပရသည့် ရည်ရွယ်ချက်များမှာ အစိုးရ၏အုပ်ချုပ်ရေးယန္တရား အပါအဝင် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၌ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုကို အရှိန်အဟုန်မြှင့်တင်ရန်၊ ဆိုက်ဘာနည်းပညာဆိုင်ရာ အသိပညာမြှင့်တင်ရန်၊ စီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်ပြိုင်ဆိုင်မှုစွမ်းရည်ကို မြှင့်တင်ရန်၊ နည်းပညာရှင်များနှင့် လုပ်ငန်းရှင်အကြား ချိတ်ဆက်မှုဖန်တီးရန်နှင့် နည်းပညာ ဂေဟစနစ်တစ်ခု တည်ဆောက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရတနာပုံမြို့သစ်တွင် ကျင်းပခြင်းဖြစ်ကြောင်း။

ရည်ရွယ်ချက် ၃ ခုဖြင့်တည်ထောင်ခဲ့

ရတနာပုံမြို့သစ်ကို တစ်နည်းအားဖြင့် ရတနာပုံဆိုက်ဘာစီးတီး၊ မြန်မာနိုင်ငံ၏ Silicon Valley ဟု လူသိများကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံးသော အိုင်စီတီနည်းပညာဆိုင်ရာ အချက်အချာ ဒေသတစ်ခုအဖြစ် ရည်ရွယ်ကာ ၂၀၀၆ ခုနှစ်၊ ဇွန်လ၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရတနာပုံမြို့သစ်ကို မြန်မာနိုင်ငံ၏ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတကာမှ နည်းပညာကုမ္ပဏီများကို ဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်၊ မြန်မာ့နည်းပညာရှင်များအတွက် သုတေသနနှင့် တီထွင်ဖန်တီးမှုများ ပြုလုပ်နိုင်မည့် အချက်အချာနေရာတစ်ခု ဖြစ်လာစေရန်ဟူသည့် ရည်ရွယ်ချက် ၃ ခုဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း။

ရတနာပုံမြို့သစ်တွင် မြန်မာနိုင်ငံ၏ အဓိက အင်တာနက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုဗဟိုဌာနတစ်ခုကို Yatanarpon Teleport က တည်ဆောက်ခဲ့ကြောင်း၊ အိုင်တီလုပ်ငန်းသစ် (Startups) များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများ၊ Incubation Center များ၊ Education Zone ဖြစ်သည့် နည်းပညာတက္ကသိုလ်များနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ ထည့်သွင်းရန် လျာထားခဲ့ကြောင်း၊ နည်းပညာနှင့်ပတ်သက်သည့်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် High-Tech Zone အဖြစ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေမည့် Soft-Based Factory Zone ကိုလည်း ထည့်သွင်းသတ်မှတ်ခဲ့ကြောင်း။

ရတနာပုံမြို့သစ်တွင် ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် လိုအပ်ချက်များကို အကောင်အထည်ဖော် အဆင့်မြှင့်တင်ပေးရမည်၊ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းချမှတ်ပေးရမည်၊ အဓိကအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များကို မြေတောင်မြှောက်ပေးနိုင်

ရတနာပုံမြို့သစ်သည် မန္တလေးမြို့၏ အပူပိုင်းရာသီဥတုနှင့် ပြင်ဦးလွင်မြို့၏ အအေးပိုင်းရာသီဥတု အကြားတွင် တည်ရှိသောကြောင့် အိုင်တီလုပ်ငန်းများအတွက် သင့်တော်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့နှင့် အနားယူအပန်းဖြေရာ မြို့တော်ဖြစ်သည့် ပြင်ဦးလွင်မြို့အနီးတစ်ဝိုက်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်ခြင်း၊ သင့်တင့်မျှတသည့်ရာသီဥတုနှင့် ပတ်ဝန်းကျင်တို့ကြောင့် အစစအရာရာ သင့်တော်ကောင်းမွန်သည့် နေရာတစ်ခုဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တည်နေရာ အနေအထားအရ အခြေခံကောင်းများ ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မြို့သစ်၏ အနီးဝန်းကျင်တွင်ရှိသည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)၊ မန္တလေးမြို့ အနီးပတ်ဝန်းကျင်ရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ လူ့စွမ်းအားအရင်းအမြစ်များကို Internship အလုပ်သင်အနေဖြင့် သုတေသနပြုလုပ်ရယူအသုံးပြုနိုင်ပြီး မြေတောင်မြှောက်ပေးနိုင်သည့် အားသာချက်တစ်ခုအနေဖြင့် ရှိနေသည်ကို တွေ့ရကြောင်း။

မိမိတို့အနေဖြင့် ASEAN Digital Master Plan ၏ ရည်မှန်းချက်များဖြစ်သည့် အားလုံးပါဝင်နိုင်သော ဒစ်ဂျစ်တယ်အသိုက်အဝန်း (Inclusive Digital Community)၊ ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ် ဂေဟစနစ် (Trusted Digital Ecosystem)၊ ဆန်းသစ်တီထွင်မှုရှိသော ဒစ်ဂျစ်တယ်စီးပွားရေး (Innovative Digital Economy)၊ အနာဂတ်အတွက် အသင့်ဖြစ်သော ကျွမ်းကျင်လုပ်သားများ (Future-Ready Workforce)၊ ရေရှည်တည်တံ့သော ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု (Sustainable Digital Transformation) တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်သည့် နေရာ၌ မြို့ပြနှင့် ကျေးလက်ဒေသအားလုံး လူတိုင်းလက်လှမ်းမီနိုင်သည့် လူတိုင်းသုံးနိုင်ပြီး ဈေးနှုန်းချိုသာသည့် အင်တာနက်ချိတ်ဆက်မှုရရှိရန်၊

စာမျက်နှာ ၄ သို့

ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ် မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားတွင် ပြသထားရှိသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၃ မှ

အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာကို အလွယ်တကူ အသုံးပြုနိုင်စေ ရန်၊ ဆိုက်ဘာလုံခြုံရေးကိုမြှင့်တင်ပြီး ဒေသတွင်းဆိုက်ဘာတိုက်ခိုက်မှုများကို စုပေါင်းကာကွယ်ရန်၊ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများကို နှိမ်နင်းပြီး သုံးစွဲသူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိန်ခေါ်မှုများကို ဖြေရှင်းနိုင်

ထို့အပြင် အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်၊ Artificial Intelligence (AI) ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် AI ဆိုင်ရာ ဘေးကင်းလုံခြုံမှုကွန်ရက်များ ထူထောင်ရန်၊ ဒေသတွင်းရှိ လုပ်သားထု၏ ဒစ်ဂျစ်တယ်ဆိုင်ရာ အချက်အလက်သိရှိနားလည်မှုနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန်၊ အဆင့်မြင့်နည်းပညာဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးရန်နှင့် လုပ်ငန်းခွင်အတွင်း နည်းပညာအသုံးချမှုကို တိုးမြှင့်ပေးရန်၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် စသည်တို့ကိုလည်း အကောင်အထည်ဖော်သွားကြရန်လိုကြောင်း။

၂၀၂၆ ခုနှစ်တွင် ဉာဏ်ရည်တုနည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်နေသောကြောင့် အာဆီယံနိုင်ငံများအနေဖြင့် တာဝန်ယူမှုရှိသည့် ဉာဏ်ရည်တုနည်းပညာ (Responsible AI)ကို အထူးအလေးပေးဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အာဆီယံနိုင်ငံအချင်းချင်း AI ဆိုင်ရာကျင့်ဝတ်စံနှုန်း (Ethical Guidelines)များကို ညှိနှိုင်းပြီး ဘေးကင်းသည့် AI အသုံးချမှုကို ဖော်ဆောင်နေသည်ကို တွေ့ရကြောင်း၊ ဒစ်ဂျစ်တယ်စနစ်များ တိုးတက်များပြားလာသည်နှင့်အမျှ အွန်လိုင်းလိမ်လည်မှုများလည်း များလာကြောင်း၊ ယင်းကို တိုက်ဖျက်ရန်အတွက် အာဆီယံနိုင်ငံများကြားတွင် သတင်းအချက်အလက်မျှဝေခြင်းကွန်ရက်ကို အရင်ကထက် ပိုမိုခိုင်မာအောင်တည်ဆောက်ရန် ရည်မှန်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရကြောင်း။

ယခုကဲ့သို့ ရတနာပုံမြို့သစ်တွင် လူငယ်များ၏ တီထွင်ဖန်တီးမှုများ၊ ပြည်တွင်းပြည်ပ နည်းပညာကုမ္ပဏီများ၏ ခေတ်မီနည်းပညာသစ်များကို တစ်နေရာတည်းတွင် မြင်တွေ့ခွင့်ရပြီး နည်းပညာဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ခွင့်ရနိုင်မည့် ယခုပွဲကို ကျင်းပနိုင်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ယခုနည်းပညာဖလှယ်ပွဲနှင့် ပြပွဲမှတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် Software များ၊ Hardware များနှင့် ဆန်းသစ်သည့် Solution များကို ဖန်တီးနိုင်မည်ဟု မိမိတို့ ယုံကြည်ပါကြောင်း၊ ယခုနည်းပညာပြပွဲတွင် ပြသထားသည့် ကျောင်းသားလူငယ်များ၏ Project များသည် မိမိတို့နိုင်ငံ၏ အနာဂတ်ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်လာရန် မျှော်လင့်ပါကြောင်း။

ယခုကဲ့သို့ ကျင်းပရာတွင် နည်းပညာပြပွဲတင်မကဘဲ နည်းပညာနှီးနှောဖလှယ်ဆွေးနွေးပွဲများကိုပါ ထည့်သွင်းထားသည်ကို တွေ့ရကြောင်း၊ ယခုဆွေးနွေးပွဲများမှတစ်ဆင့် ဉာဏ်ရည်တုနည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ ဘဏ္ဍာရေးဆိုင်ရာနည်းပညာ၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦနှင့် ဆန်းသစ်တီထွင်မှု စသည့်ခေါင်းစဉ်များကို ကျွမ်းကျင်သူများမှ နှီးနှောဖလှယ်သွားကြမည်ဟု သိရကြောင်း၊ တက်ရောက်လာသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းခွင်နှင့် ပညာရေးတွင် အသုံးချနိုင်မည့် အတွေ့အကြုံသစ်များရရှိသွားမည်ဟု မျှော်လင့်ကြောင်း။

ထို့အပြင် ယခုနှီးနှောဖလှယ်ပွဲမှ နည်းပညာလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဝါသနာရှင် ကျောင်းသားလူငယ်များအကြား အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ပြီး ပြည်တွင်းဖြစ် နည်းပညာတီထွင်မှုများကို အသိအမှတ်ပြု ဖော်ထုတ်ပေးခြင်းနှင့် ပြည်တွင်းအခြေစိုက် အီလက်ထရောနစ် စက်ပစ္စည်းများနှင့် အိုင်စီတီဆိုင်ရာစက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း။

အကျိုးရှိမည့်ရလဒ်များ ပေါ်ထွက်လာမည်

ယခုနည်းပညာပြပွဲနှင့် ဆွေးနွေးဟောပြောပွဲများမှ နိုင်ငံတော်၏ IT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရတနာပုံမြို့သစ်စီမံကိန်းတွင် ဆိုက်ဘာနည်းပညာနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နိုင်ရေးနှင့် ဉာဏ်ရည်တုနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အကျိုးရှိမည့်ရလဒ်များ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း အီလက်ထရောနစ်ဆိုင်ရာပစ္စည်းများ အဓိကထုတ်လုပ်နိုင်ရေးနှင့် နည်းပညာတက္ကသိုလ်များ ချိတ်ဆက်ပြီး လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရေးတို့အတွက် လမ်းပြမြေပုံတစ်ခု၊ မဟာဗျူဟာတစ်ခု ချမှတ်နိုင်ရေး အထောက်အကူပြုစေရန် မျှော်လင့်ပါကြောင်း။

ထိုကဲ့သို့ မဟာဗျူဟာများ ရေးဆွဲချမှတ်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ရေရှည်စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လက်တွေ့ကျကျ လေ့လာသုံးသပ်ကြရန် လိုအပ်ကြောင်း၊ ဘက်ပေါင်းစုံမှ စဉ်းစားပြီး အားနည်းချက် မရှိသည့်၊ ပြည့်စုံမှန်ကန်သည့်လုပ်ငန်းမျိုးဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ရေရှည်အကျိုးရှိစေပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မည့် စီမံကိန်းလုပ်ငန်းစဉ်များ ဖြစ်စေရန် အရေးကြီးကြောင်း၊ နည်းပညာသစ်ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူလိုက်ပါလာသည့် လုံခြုံရေးကျိုးပေါက်နိုင်မှု၊ အမျိုးသားယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား ထိခိုက်နိုင်မှု၊ ကျင့်ဝတ်သိက္ခာဆိုင်ရာများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်လုံခြုံမှု စသည့်ခြိမ်းခြောက်မှုအန္တရာယ်များနှင့် ဆိုးကျိုးများကိုလည်း ထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ကြောင်း။

ဒစ်ဂျစ်တယ်နည်းပညာ နယ်ပယ်၊ တစ်နည်းအားဖြင့် ဆိုက်ဘာနယ်ပယ်သည် နယ်နိမိတ်ကန့်သတ်ပိုင်းခြားရန် ခက်ခဲပါကြောင်း၊ ကမ္ဘာတွင် လူပြောများလာသည့် ဆိုက်ဘာနယ်နိမိတ် အချုပ်အခြာအာဏာ (Cyberspace Sovereignty) ကိုလည်း ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

ကမ္ဘာတွင် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါလာသည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုချိုးဖောက်ခြင်းများ၊ ဘက်လိုက်မှုကိစ္စရပ်များမှတစ်ဆင့် နိုင်ငံလုံခြုံရေး အထိခြိမ်းခြောက်နိုင်ခြင်းတို့သည် ထိပ်တန်းစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ယင်းတို့ကို ကာကွယ်နိုင်ရန် နည်းပညာဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို နည်းပညာတိုးတက်မှုနောက်မှ ပြဋ္ဌာန်းချမှတ်ပေးနေကြရသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း နည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို ထိန်းကျောင်းကြီးကြပ်နိုင်ရန် လိုအပ်သည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဟန်ချက်ညီညီ ရေးဆွဲချမှတ်ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရန် အရေးကြီးသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

"နည်းပညာသည် အနာဂတ်ကို ပုံဖော်သူ" ဟူသည့်စကားနှင့်အညီ ယခုပွဲမှ ရရှိလာမည့် နည်းပညာဆိုင်ရာ အသိပညာအတွေ့အကြုံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတစ်ခုဖြစ်ပါကြောင်းနှင့် နှီးနှောဖလှယ်ပွဲနှင့် ပြပွဲကြီးမှတစ်ဆင့် နိုင်ငံအတွက် အကျိုးရှိသည့် သုံးသပ်ဖော်ထုတ်ချက်များ၊ ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဒစ်ဂျစ်တယ်မြန်မာနည်းပညာ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားဆိုင်ရာ မှတ်တမ်း Video အား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနား အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားတွင် ပြသထားရှိသည့် ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲ(Digital Myanmar Forum and Exhibition)ကို "ဉာဏ်ရည်တု နည်းပညာခေတ် မြန်မာနိုင်ငံ၏ နည်းပညာအနာဂတ်ကို ပုံဖော်ခြင်း (Digital Myanmar: Shaping Myanmar's Digital Future in the Age of AI)" ဟူသည့် ခေါင်းစဉ်ဖြင့် ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပ နည်းပညာကုမ္ပဏီများမှ ပြခန်းများ ပြသထားရှိကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❂ ယခုနှီးနှောဖလှယ်ပွဲမှ နည်းပညာလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဝါသနာရှင် ကျောင်းသားလူငယ်များအကြား အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ပြီး ပြည်တွင်းဖြစ် နည်းပညာတီထွင်မှုများကို အသိအမှတ်ပြု ဖော်ထုတ်ပေးခြင်းနှင့် ပြည်တွင်း အခြေစိုက် အီလက်ထရောနစ်စက်ပစ္စည်းများနှင့် အိုင်စီတီဆိုင်ရာစက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ရရှိစေမည်ဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ဆိုင်းဘုတ်အား ဖွင့်လှစ်ပေးစဉ်။

ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ဖွင့်ပွဲအခမ်းအနားကျင်းပ

ဒေသထွက်ကုန်များ တစ်နေရာတည်းရောင်းဝယ်ဖောက်ကားနိုင်ပြီး တောင်ပေါ်မြေပြန့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်

❖ သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကြီးသည် RC အမျိုးအစား ခြောက်ထပ် အဆောက်အအုံဖြစ်ပြီး ဈေးဝယ်သူများ အဆင်ပြေစွာ သွားလာနိုင်စေရန် အတွက် စက်လှေကား ၁၂ စင်း၊ ဓာတ်လှေကား ခြောက်စင်း၊ နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးအန္တရာယ် ကာကွယ်မှုစနစ်နှင့် သဘာဝဘေးဒဏ်ခံနိုင်မှုစနစ်များကို စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မန္တလေး တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ သုမင်္ဂလာအဆင့်မြင့်ဈေးတည်ဆောက်ရာ တွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ သည် ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးသို့ ရောက်ရှိကြရာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)နှင့် ပညာရေးဒီဂရီကောလိပ် (မန္တလေး) တို့မှ ကျောင်းသူလေးများက “ပန်းကမ္ဘာမျှော်စင်” တေးသီချင်းဖြင့် ကပြဖျော်ဖြေကြိုဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် သုမင်္ဂလာအဆင့်မြင့်ဈေးအဆောက် အအုံအသစ်အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်း ဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ သည် သုမင်္ဂလာအဆင့်မြင့်ဈေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဖျော်ဖြေတင်ဆက်

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)နှင့် ပညာရေးဒီဂရီ ကောလိပ် (မန္တလေး)တို့မှ ကျောင်းသူလေးများက “လှပဝေဆာသုမင်္ဂလာ” တေးသီချင်းဖြင့် ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် ကော်မရှင်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်း အနားတက်ရောက်လာကြသူများက ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သုမင်္ဂလာအဆင့်မြင့်ဈေးအတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိမှုအခြေအနေ၊ ကလေး ကစားကွင်းအတွင်း ကလေးငယ်များ ဆော့ကစား လျက်ရှိမှုအခြေအနေနှင့် ရုပ်ရှင်ရုံအတွင်း လှည့်လည် ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဈေးဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်း အနားတက်ရောက်လာကြသူများသည် သုမင်္ဂလာ အဆင့်မြင့်ဈေးအဆောက်အအုံသစ်၏ သမိုင်းကြောင်း နှင့် အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေ အနေနှင့်စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှု ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ

စာမျက်နှာ ၆ သို့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာအဆင့်မြင့်ဈေး အတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချမှုများ လှည့်လည်ကြည့်ရှုစဉ်။

ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ရှေးဟောင်းသမိုင်းဝင်ဘူတာများဖြစ်သည့် ပြင်ဦးလွင်ဘူတာနှင့် ကလောဘူတာအဆောက်အအုံတို့အား စနစ်တကျထိန်းသိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ရပ်ကွက်ကြီး(၈)၊ (၁၀)၊ ပဒေသာမြို့သစ်တို့ရှိ သိင်္ဂီလမ်း၊ ရတနာလမ်း၊ နဝရတ်လမ်း၊ ပြည်သာယာလမ်းတို့တွင် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြအင်္ဂါရပ်နှင့် အညီဖြစ်စေရေး ၂၄ ပေ အကျယ်ရရှိစေရန် လမ်းချဲ့ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ မြေသားရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ Thermo Plastic Paint ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ဘူတာသို့ရောက်ရှိကြပြီး ဘူတာနယ်မြေတွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်မြိုင်တို့က ဘူတာနယ်မြေတွင် ပွဲကြည့်စင်အပါ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အဆင့်မြင့်ဟိုတယ်နှင့် ဈေးဝယ်စင်တာပါရှိသည့် လေးထပ်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းစဉ်အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြင်ဦးလွင် – ဂုတ်ထိပ် ရထားခရီးစဉ်ပြေးဆွဲနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်နေမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ပြီး မြေကိုအကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် စနစ်တကျဖြင့် ရေးဆွဲတွက်ချက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ဘူတာနှင့် ကလောဘူတာတို့သည် ရှေးဟောင်းသမိုင်းဝင်ဘူတာများဖြစ်သည့်အတွက် ဘူတာအဆောက်အအုံအား စနစ်တကျထိန်းသိမ်းသွားရန်နှင့် ဘူတာနယ်နိမိတ်အတွင်း စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာလှပမှုရှိစေရေး၊ စိတ်ချမ်းမြေ့ဖွယ်ပတ်ဝန်းကျင်ဖြစ်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများကို ဖော်ဆောင်ခြင်းအားဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်မည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး အမျိုးသားဝင်ငွေသည်လည်း တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်တံတားသို့ ရထားခရီးစဉ်များ ပြေးဆွဲမှုနှင့်ပတ်သက်၍လည်း အပန်းဖြေခရီး လာရောက်သည့်သူများအနေဖြင့် ဒေသန္တရဗဟုသုတများနှင့် သဘာဝပတ်ဝန်းကျင် သာယာလှပမှုများကို ခံစားရရှိနိုင်မည်ဖြစ်သဖြင့် ခရီးသည်များ ဘေးကင်းလုံခြုံစွာဖြင့် စီးနင်းလိုက်ပါလေ့လာနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ရေရှည်အကျိုးရှိစေရေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းများဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာမည့် ခရီးသွားလာမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုကြည့်၍ ရေရှည် အကျိုးရှိစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၅ မှ

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က သုမင်္ဂလာ အဆင့်မြင့်ဈေး အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် “လှပဝေဆာ သုမင်္ဂလာ” ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေမှုအား ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ပြီးစီးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

စနစ်တကျ တည်ဆောက်ထား

အဆိုပါ ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးအား ပြင်ဦးလွင်မြို့၏ လူနေထူထပ်မှုများပြားလာမှု၊ အပန်းဖြေခရီးသွားလာမှုများပြားလာမှုနှင့် ကိုက်ညီသည့် အဆင့်မြင့်ဈေးသစ်ကြီး ဖြစ်ပေါ်လာစေရန်၊ ခေတ်စနစ်နှင့်အညီ မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ၊ နိုင်ငံတကာနှင့် လိုက်လျောညီထွေမှုရှိသည့် RC အဆင့်မြင့် ဈေးသစ်ကြီးဖြစ်ပေါ်လာစေရန်၊ ဒေသထွက်ကုန်အခြေခံကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း ရောင်းဝယ်ဖောက်ကားရရှိလာစေရန်၊ တောင်ပေါ်မြေပြန့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဈေးသစ်ကြီးသည် RC အမျိုးအစား ခြောက်ထပ်အဆောက်အအုံဖြစ်ပြီး ဈေးဝယ်သူများ အဆင်ပြေစွာသွားလာနိုင်စေရန်အတွက် စက်လှေကား ၁၂ စင်း၊ ဓာတ်လှေကား ခြောက်စင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးအန္တရာယ်ကာကွယ်မှုစနစ်နှင့် သဘာဝဘေးဒဏ်ခံနိုင်မှုစနစ်များကို စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ သုမင်္ဂလာအဆင့်မြင့်ဈေးကြီးအတွင်း Branded ဆိုင်များ၊ Promotion Area ၊ Cart Shop Area ၊ Bank Area များ၊ Super Market တစ်ခု၊ မီနီမတ်ဆိုင်များ၊ စတိုးဆိုင်များ၊ အဝတ်အထည်နှင့် အလှကုန်ဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အားကစားကွင်းတစ်ခုနှင့် ရုပ်ရှင်ရုံများကို ထည့်သွင်းတည်ဆောက်ထားသည့်အပြင် ယာဉ်ရပ်နားရန် နေရာများကိုလည်း စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထားရှိကြောင်း သတင်းရရှိသည်။

သုမင်္ဂလာအဆင့်မြင့်ဈေးအဆောက်အအုံအသစ်အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

သတင်းစဉ်

❒ *ကျော့ဖုံးမှ*

NLD အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ။

စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားသွားရန်လိုအပ်

နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့မှု၊ ယင်းအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်နေသည့်ကာလဖြစ်ပြီး ပြည်ဖျက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်၍ သစ္စာမဲ့သည့် နိုင်ငံ့ဝန်ထမ်းအချို့၏ လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်း ကြုံတွေ့ခဲ့ရမှု၊ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ယာဂီမုန်တိုင်းတိုက်ခတ်မှု၏ နောက်ဆက်တွဲအဖြစ် ရေကြီးရေလျှံမှု၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းများနှင့် နိုင်ငံရေး၊ စီးပွားရေးအရ ပိတ်ဆို့မှုများအပါအဝင် အခြားစိန်ခေါ်မှုကြီးများစွာကိုလည်း သစ္စာရှိနိုင်ငံ့ဝန်ထမ်းကောင်းများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူများ၏ စုပေါင်းအားဖြင့် အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့မှုနှင့် ဆက်လက်၍လည်း ကြုံတွေ့လာနိုင်သည့် မည်သည့်အခက်အခဲ အတားအဆီးများကိုမဆို စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားသွားကြရန် လိုအပ်သည့် အခြေအနေများ။

ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မဲစာရင်းများ မှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ၊ ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ လွှတ်တော်နိုင်ငံရေးစင်မြင့်တွင် ပါဝင်လာနိုင်စေရေး FPTP စနစ်၊ PR စနစ်တို့ကို ကျင့်သုံးဆောင်ရွက်ပေးခဲ့မှု။

စနစ်တကျမဲပေးခြင်းကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့မှု၊ ထိုသို့ မဲပေးချိန်တွင် အကြမ်းဖက် သောင်းကျန်းသူများနှင့် ပြည်ဖျက် မီဒီယာများက ရွေးကောက်ပွဲ မကျင်းပနိုင်စေရန်အတွက် အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မဟုတ်မမှန်ဝါဒဖြန့်ချိခြင်းများဆောင်ရွက်ခဲ့မှု၊ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် မဲရုံစတင်ဖွင့်လှစ်သည့် အချိန်မှ မဲရုံပိတ်သိမ်းချိန်အထိ တက်ကြွစွာဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် စနစ်တကျမဲပေးခြင်းများကို မိတ်ဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှ ရွေးကောက်ပွဲ လာရောက်လေ့လာစောင့်ကြည့်သူများ၊ ပြည်တွင်း/ပြည်ပ မီဒီယာများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့မှု။

တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့သည့် မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့မှု၊ ပါတီပေါင်း ၅၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုမှာ ၆ ပါတီရှိကြောင်း၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်သဖြင့် မကြာမီလာမည့် မတ်လတွင် လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဧပြီလဆန်းပိုင်းတွင် သမ္မတရွေးချယ်တင်မြှောက်၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန်ကို ပြန်လည်လွှဲပြောင်းပေးအပ်သွားမည့် အခြေအနေများအား ဦးစွာရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံရေး အစိုးရများ မည်ကဲ့သို့ပင်ပြောင်းလဲသည်ဖြစ်စေ ဝန်ထမ်းကျင့်ဝတ်သိက္ခာနှင့်အညီ ကျေပွန်စွာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ပြည်သူ့ဝန်ထမ်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်ရန် လိုအပ်ပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမရှိသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရန် အဓိကအရေးကြီးကြောင်း၊ ထိုသို့ ဝန်ထမ်းကောင်းများရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့တာဝန်ကျရာဒေသတို့တွင် ပေးအပ်သည့် တာဝန်များကို အဂတိတရား ကင်းရှင်းစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြည်ဖျက်အဖွဲ့များအနေဖြင့် ယနေ့အချိန်ထိ ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်း၊ ငွေကြေးအရ မက်လုံးပေးစည်းရုံးမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများဖြစ်သည့်အတွက် မလိုလားသူများ၏ သွေးထိုးသပ်လျှိုမှု၊ စည်းရုံးသိမ်းသွင်းမှုမခံရစေရေး အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားခွဲခြားသိမြင်နိုင်ရေးသည်လည်း အရေးကြီးကြောင်း။

နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍ မြင့်မားရန်လိုအပ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်တာဝန်ကို ခေတ္တစတင်တာဝန်ယူချိန်တွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းအချို့ အပါအဝင် နိုင်ငံ့ဝန်ထမ်းအချို့ လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်ခဲ့ကြကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပဋိပက္ခများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် သဘာဝဘေးကြုံတွေ့ရမှု အကျပ်အတည်းများကြားမှ မိမိတို့အနေဖြင့် လက်ရှိအခြေအနေအထိ နိုင်ငံတော်ကို တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ယနေ့အထိ နိုင်ငံတော်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းကောင်းများကြောင့် ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍမြင့်မားနေရန် လိုအပ်ကြောင်း၊ ပညာရေးအားနည်းခြင်းများကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည် အားနည်းခြင်းကြောင့် လူတစ်ဦးချင်း၏ တွေးခေါ်မြော်မြင်မှုများတွင် အားနည်းမှုများရှိကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ပညာတတ်လူငယ်လူရွယ်များ လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ ဆက်စပ်လျက် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade -12 စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲထူးချွန်စွာ အောင်မြင်ရန်နှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် KG တန်းမှစ၍ Grade -12 ထိ ကျောင်းသားလူငယ်များ စာကျေအောင်၊ စာတတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ စာကျေစာတတ်မှသာ ၎င်းတို့၏ဘဝတွင် ဆက်လက်၍ အဆင့်မြင့် ပညာများကို ကောင်းမွန်စွာသင်ယူနိုင်မည်ဖြစ်ကာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ် ရပ်စောက်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် Agro Based Industries ကို မူဝါဒများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေးနှင့် Grade-12 ၌ပင် ပညာရေးတစ်ပိုင်းတစ်စရပ်တန့်ရသည့် ကျောင်းသား ကျောင်းသူများအတွက် Vocational Training အဖြစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ကျန်းမာရေးနှင့်စပ်ဆက်၍ အားကစားကဏ္ဍမြှင့်မားရေး ဆောင်ရွက်ပေးလျက်ရှိ

ကျန်းမာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိစေရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံများအဆင့်မြှင့်တင်ပေးခြင်း၊ လိုအပ်သည့်ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် စပ်ဆက်၍ အားကစားကဏ္ဍမြှင့်မားရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ပေးအပ်သည့်တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်သည့်အတွက် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြပြီး ၃၀ ရာခိုင်နှုန်းလောက်သာ မြို့နေလူတန်းစားများဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းများ မြင့်မားလာစေရေး အတန်းပညာ၊ အတတ်ပညာ၊ အသိပညာများမြင့်မားလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတန်းပညာများရှိမှသာ အတတ်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုခြင်းမှ အသိပညာများ ရရှိနိုင်မည်ဖြစ်သည့်အတွက် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာကြရန်လည်းလိုကြောင်း၊ အတန်းပညာတက်ရောက်ရန် မဖြစ်နိုင်တော့သည့် အရွယ်လွန်သည့် ပြည်သူများအား ကျောင်းပြင်ပ ပညာရေးဖြင့် အသိပညာဗဟုသုတများ ရရှိလာအောင်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍ အောင်မြင်ရန် ပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးရန်လို

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် Agro Based Industries ကို မူဝါဒများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေးနှင့် Grade-12 ၌ပင် ပညာရေး တစ်ပိုင်းတစ်စရပ်တန့်ရသည့်

စာမျက်နှာ ၈ သို့

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက ရုံး/ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်ရင်း/တပ်ဖွဲ့များအလိုက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် လုပ်ဆောင်ရန် လိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စစ်ဘက်ဥပဒေဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ကလောတပ်နယ်သည် အရာရှိကြီးများကို ဦးစီးအရာရှိကောင်းများဖြစ်စေရန် စစ်တိုက်တော်သည့် တပ်မှူးကောင်းများဖြစ်စေရန်အတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် သမိုင်းအစဉ်အလာကြီးမားသည့် တပ်နယ်ဖြစ်ကြောင်း။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၇ မှ

ကျောင်းသား ကျောင်းသူများအတွက် Vocational Training အဖြစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအတွင်း ထုတ်ကုန်တိုးမြှင့်ရေးအတွက် စာရင်းဇယား မှန်ကန်ရေး၊ သစ္စာရှိဝန်ထမ်းများလိုအပ်ကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အောင်မြင်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိဒေသရှိ တောင်သူများ စိုက်ပျိုး/မွေးမြူရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ တိုးပွားစေရန် ပညာပေးခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသွားကြရန်လိုကြောင်း၊ ဒေသထွက် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ ထုတ်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက်လည်း လိုအပ်သည်များ စီမံဆောင်ရွက်ပေးသွားကြရန်နှင့် မိမိတာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား၍ တာဝန်ထမ်းဆောင်သွားကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များရှိရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် စီးပွားရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ တိုင်းချစ်ပြည်ချစ်စိတ်များ အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊ တိုင်းချစ် ပြည်ချစ်စိတ်တွင် နိုင်ငံသားနှင့်ပတ်သက်သည့် တိုင်းချစ်ပြည်ချစ်စိတ်နှင့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သည့် တိုင်းချစ် ပြည်ချစ်စိတ်ဟူ၍ ခွဲခြားနိုင်ကြောင်း၊ နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံတော်နှင့် သက်ဆိုင်သည့် အမျိုးသားရေးလက္ခဏာများ၊ အထိမ်းအမှတ်တံဆိပ်များ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းတို့အပါအဝင် အထွတ်အမြတ်ထားရမည်များကို လေးစားတန်ဖိုးထားချစ်မြတ်နိုးကြရန် ဝိုင်းဝန်းထိန်းကျောင်း တည့်မတ်ပေးရန်လည်း လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတတ်မြောက်ထားသည့် အသိပညာ၊ အတတ်ပညာများဖြင့် ဒေသကောင်းရာ ကောင်းကျိုးအတွက် **အတ္တနှင့်ပရ** ညီညွတ်မျှတစွာ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းဖြစ်ရန်မှာ အဂတိတရားကင်းရှင်းရန် အရေးကြီးကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်မည်ဖြစ်ပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ပြည်သူနှင့် နိုင်ငံတော်အပေါ် အလုပ်အကျွေးပြုနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံသွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဗထူး)မှ ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းက ကျောင်းအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ ရပ်စောက်မြို့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ စန်းယုကိုနှင့် ကလောခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာ ဒေါ်ဝင်းသန္တာဖြူတို့က ဆေးရုံများအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ ကလောခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်စန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်စုစုငြိမ်းနှင့် အလုပ်သမားဦးစီးဌာနမှ ဦးစိုင်းမောင်လင်းတို့က သက်ဆိုင်ရာရုံး၊ ဦးစီးဌာနများ၏ လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၈ မှ

တပ်မတော်သားများ အနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်ဆန္ဒများဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများပီပီ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပေးအပ်လာသည့် မည်သည့်တာဝန်ဝတ္တရားများကို မဆို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကြံ့ကြံ့ခံတွန်းလှန်သွားရန် လိုကြောင်း။

သင်ကြားပေးသည့်စစ်ပညာများကို မှန်မှန်ကန်ကန်အသုံးချရန်

တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့် တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ ထမ်းဆောင်ရာတွင် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ထမ်းဆောင်ကြရန်လိုကြောင်း၊ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ရာတွင် သင်ကြားပေးသည့် စစ်ပညာများကို မှန်မှန်ကန်ကန် အသုံးချရန်နှင့်တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်း၊ ကိရိယာများကို အပြည့်အဝထိရောက်စွာ အသုံးချရန် လိုကြောင်း၊ သို့မှသာ ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့မှု၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး လာမည့် မတ်လအတွင်း လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပကာ ဧပြီလဆန်းပိုင်းတွင် သမ္မတရွေးချယ်တင်မြှောက်၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန်ကို ပြန်လည်လွှဲပြောင်းပေးအပ်သွားမည့်အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် လေ့ကျင့်ရန်လို

ဆက်လက်၍ ပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ မိမိတို့တပ်မတော်သားများသည် ပြည်သူများအတွင်းမှ ပေါက်ဖွားလာသူများဖြစ်၍ ပြည်သူကို ကိုယ်စားပြုသည့် ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အတွက် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်၌ အင်အားတောင့်တင်းရန် လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်နေကြရန် လိုကြောင်း။

လေ့ကျင့်ရာတွင်လည်း တစ်ဦးချင်းသာမက အဖွဲ့လိုက်ပါလေ့ကျင့်နိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ရန်လိုအပ်ပြီး အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့် ဖြစ်ရမည်ဆိုသည့် "မြဲ(၃)မြဲ"နှင့် အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာစိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာများနှင့် ပတ်သက်၍ သက်ဆိုင်ရာကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း/တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို တပ်မှူးကောင်းစိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလို အားကောင်းလာမည်ဖြစ်ကြောင်း။

ဆောင်ရန်၊ ရှောင်ရန်အချက်များကို အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန် လိုအပ်

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန်လိုအပ်ပြီး တာဝန်ရှိသူများမှလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန်လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အရက်၊ ဆေးလိပ်၊ ကွမ်းအပါအဝင် လူမှုရေးဆိုင်ရာ ကိစ္စ၊ လောင်းကစားမှုဆိုင်ရာကိစ္စ စသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် Agro Based Industries ကို မူဝါဒများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့်လည်း တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ရှိပြီးဖြစ်သည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့၍ စနစ်တကျဆောင်ရွက်ပါက မိသားစုများ၏ သက်သာချောင်ချိရေးအတွက် များစွာ အထောက်အကူ ပြုစေမည်ဖြစ်ကြောင်း။

ထို့အပြင် တပ်မတော်သားများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးအတွက် အလိမ္မာစာမှာရှိဆိုသည့်အတိုင်း စာကောင်းပေမွန်များကို ဖတ်မှတ်လေ့လာကြရန် လိုကြောင်း၊ တပ်တိုင်းတွင် စာကြည့်တိုက်များထားရှိ ပေးထားပြီးဖြစ်၍ စာများများ ဖတ်ရှုလေ့လာမှသာ အသိပညာဗဟုသုတများ ရရှိလာမည်ဖြစ်ပြီး အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အရာရှိ၊ စစ်သည်မိသားစုများအနေဖြင့် စာများများ တိုးတက်ဖတ်ရှုကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ သားသမီးများစဉ်းစားတွေးခေါ်တတ်သည့် ပညာတတ် လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade -12 စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲထူးချွန်စွာ အောင်မြင်ရန်နှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားစေရေး မိဘ၊ ကျောင်းသား၊ ကျောင်းသူ၊ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စားသောက်ဖွယ်ရာများပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- ❖ **အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန် လိုအပ်ပြီး တာဝန်ရှိသူများမှလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်၊ ဝင်ငွေနှင့် ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန်လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အရက်၊ ဆေးလိပ်၊ ကွမ်းအပါအဝင် လူမှုရေးဆိုင်ရာကိစ္စ၊ လောင်းကစားမှုဆိုင်ရာကိစ္စ စသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန်လိုအပ်**

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲများကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

(၃၁) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (၁၀) ကြိမ်မြောက် သက်မဲ့ခန္ဓာ အသုံးပြုခွဲစိတ်လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြုခွဲစိတ်လေ့ကျင့်ရေးဌာန၌ နေ့အလိုက် ဆက်လက်ကျင်းပရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပခုံးနှင့်လက်မောင်း အာရုံကြောများ ခွဲစိတ်ကုသခြင်းကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆီးအိမ်

ကိုဖယ်ထုတ်ပြီး ဆီးလမ်းကြောင်းလွှဲပြောင်းကုသခြင်းကို ခွဲစိတ်လေ့ကျင့်ခဲ့ကြပြီး အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် ရင်ခေါင်းအား အပေါက်ဖောက်၍ မှန်ပြောင်းဖြင့် အစာရေမျိုပြွန်ကင်ဆာလူနာအား ခွဲစိတ်ကုသခြင်းကို ဆောင်ရွက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင် အသံအိုးကိုဖြတ်ထုတ်ခွဲစိတ်ကုသခြင်း၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများအတွက် ခန္ဓာဗေဒ လက်တွေ့လေ့လာခွဲစိတ်ခြင်းနှင့် သက်မဲ့ဆရာများအား မူလပုံစံမပျက်ပြန်လည်ပြုပြင် မွမ်းမံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် အလားတူအလုပ်ရုံဆွေးနွေးပွဲတစ်ခုအား "ကျန်းမာရေးဝန်ထမ်းအလွှာပေါင်းစုံ ပါဝင်မှုအပေါ် အခြေခံ၍ လူနာဘေးကင်းလုံခြုံမှုကို မြှင့်တင်ခြင်းတွင် ကျန်းမာရေးပညာပေးဆရာများ၏ အရေးပါသော အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် တပ်မတော်ဆေးတက္ကသိုလ်၊ ဆေးပညာသင်ကြားရေး ဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ တပ်မတော်ဆေးတက္ကသိုလ်နှင့်သင်ကြားရေးဆေးရုံကြီးများမှ ပါရဂူများ၊ ဆေးမှူးများ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုအရာရှိများနှင့် အခြားဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ စုစုပေါင်း ၃၃ ဦး တက်ရောက်ခဲ့သည်။

အခြား အကြိုအလုပ်ရုံဆွေးနွေးပွဲတစ်ခုအား မတ် ၃ ရက်တွင် မေ့ဆေးပညာဌာနနှင့် ခွဲစိတ်ကုပညာဌာနတို့က ဦးဆောင်၍ "ကပ်ဘေးအမျိုးမျိုး ကြုံတွေ့နေရသည့်ကာလအတွင်း ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ခေတ်မီထိန်းသိမ်းကုသခြင်း နည်းလမ်းများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအား မတ် ၄ ရက်မှ ၆ ရက်အထိလည်းကောင်း အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တောင်သူလယ်သမားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်၏ အသက်သွေးကြော၊ ရွှေရောင်လွင်ပြင်၏ ပဲ့ကိုင်ရှင်များ

နံနက်ခင်း၏ အေးမြသောနှင်းစက်များ မြက်ဖျားၡ ခိုတွယ်နေဆဲ၊ အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှ ရွှေရောင်နေခြည်နုနုတို့ မြေပြင်ထက်သို့ ဖြန့်ကြက်ကျရောက်လာချိန်တွင် ကျေးလက်တောရွာတို့၏ သက်ဝင်လှုပ်ရှားမှုသည် စတင်နေပြီဖြစ်သည်။

နေသူရဇော်(စိုက်ပျိုးရေး)

ထိုရွှေရောင် အလင်းတန်းများအောက်တွင် စိမ်းလန်းစိုပြည်သော လယ်ကွင်းပြင်ကြီးများသည်လည်းကောင်း၊ ဝင်းမှည့်နွယ်ယိုင်နေသော စပါးနှံရွှေဝါများဖြင့် ဖုံးလွှမ်းနေသော လွင်ပြင်ကျယ်ကြီးများသည်လည်းကောင်း ပန်းချီကားတစ်ချပ်ပမာ လှပတင့်တယ်နေပါသည်။ သို့သော် ထိုလှပသော ရွှေရောင်လွင်ပြင်ကြီးများသည် အလိုအလျောက် ပေါ်ထွန်းလာခြင်းမဟုတ်ပါ။ ထိုလွင်ပြင်ကြီးများ၏ နောက်ကွယ်တွင် ဝါဂွမ်းရောင် ဆံပင်ဖြူဖြူ နေလောင်ထားသော အသားအရေနှင့် ကြမ်းတမ်းနေသော လက်ဖဝါးပိုင်ရှင် **“တောင်သူလယ်သမား”** ဆိုသည့် ပဲ့ကိုင်ရှင်များ၏ မနားမနေ အားထုတ်မှုများ၊ ဇွဲလုံ့လဝီရိယများ ကိန်းအောင်းနေပါသည်။

တောင်သူလယ်သမားများ စိုက်ပျိုးနိုင်ခြင်း မရှိပါက နိုင်ငံ၏ စားနပ်ရိက္ခာနှင့် စီးပွားရေးယန္တရားကြီးတစ်ခုလုံး ရပ်တန့်သွားနိုင်ပါသည်။ တောင်သူလယ်သမားတို့သည် မြေကြီးကိုအခြေခံ၍ ဘဝကို တည်ဆောက်ကြသူများဖြစ်ကြသည်။ သူတို့သည် မြေကြီးကို နားလည်ကြသကဲ့သို့ မြေကြီး၏ စေတနာကိုလည်း အကြွင်းမဲ့ယုံကြည်ကြသူများဖြစ်သည်။ မိုးဦးကျချိန် မြေနံ့သင်းပျံ့လာသည်နှင့်တစ်ပြိုင်နက် မိမိတို့၏ ထွန်ယက်ရေးကိရိယာများကို ပြင်ဆင်ကာ ရွှံ့နွံများကြားတွင် ပျော်မွေ့စွာဖြင့် တစ်နိုင်ငံလုံးအတွက် အာဟာရကို ဖန်တီးပေးရန် လုပ်ငန်းခွင် စတင်ကြသည်။ ထို့ကြောင့် ရွှေရောင်လွင်ပြင်၏ အလှအပကို မြင်တွေ့ရတိုင်း ထိုအလှတရားကို ဖန်တီးပေးနေသည့် ပဲ့ကိုင်ရှင်များ၏ ကျေးဇူးတရားကို ကျွန်ုပ်တို့ မေ့လျော့၍ မရနိုင်ပေ။ သူတို့၏ ချွေးစက်တစ်စက်ချင်းစီသည် မြန်မာ့မြေပေါ်တွင် စပါးနှံတစ်စေ့ချင်းစီ ဖြစ်လာရသလို ထိုစပါးနှံများသည်လည်း နိုင်ငံတော်၏ အဓိက “အသက်သွေးကြော”များပင် ဖြစ်ပါတော့သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်လည်ကြည့်ရှုလျှင် တောင်သူလယ်သမားတို့သည် လုပ်ငန်းခွင်တွင်သာမက နိုင်ငံရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်း ပြတ်သားသော ဇွဲ၊ သတ္တိတို့ဖြင့် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်ချုပ်ချယ်မှု၊ မတရားသော မြေခွန်တော်များ ကောက်ခံမှုနှင့် မြေရှင်ကြီးစိုးမှုစနစ်အောက်တွင် တောင်သူလယ်သမားတို့သည် အလွန်အမင်းဒုက္ခရောက်ခဲ့ကြရသော်လည်း ဒူးထောက်မပေးခဲ့ကြ။ ထိုမတရားမှုများမှ ရုန်းထွက်ရန်အတွက် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆရာစံဦးဆောင်သော တောင်သူလယ်သမားတော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့သည်။ ထိုတော်လှန်ရေးသည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် တောင်သူတို့၏ မျိုးချစ်စိတ်နှင့် ဇွဲလုံ့လဝီရိယကို ကမ္ဘာသိအောင် ပြသနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်ကြီးတစ်ခုပင် ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်လည်း နိုင်ငံတော်၏ အဓိကထောက်တိုင်ဖြစ်သော တောင်သူလယ်သမားတို့၏ကဏ္ဍကို အလေးထားသောအားဖြင့် ၁၉၆၂ ခုနှစ်မှ စတင်ကာ မတ်လ ၂ ရက်နေ့ကို **“တောင်သူလယ်သမားနေ့”**အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနေ့သည် တောင်သူတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြု ဂုဏ်ပြုရန်အတွက်သာမက သူတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာပိုင်ဆိုင်မှုအခွင့်အရေးနှင့် စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရေးတို့ကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် ဝိုင်းဝန်းစုပေါင်း အဖြေရှာကြသည့် နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ မတ်လဦး၏ နေခြည်နွေးနွေးအောက်တွင် ကျရောက်သော ဤနေ့ထူးနေ့မြတ်သည် မြန်မာနိုင်ငံသားအားလုံးအတွက် ကျေးဇူးရှင် တောင်သူလယ်သမားတို့အား ဦးညွှတ်ဂုဏ်ပြုရာ နေ့တစ်နေ့လည်း ဖြစ်ပေသည်။

> **“အနာဂတ်ကို တည်ဆောက်နိုင်ရန်မှာ တောင်သူလယ်သမားများ၏ ကြိုးပမ်းမှုသက်သက်ဖြင့် မလုံလောက်ပါ။ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာနှင့် ပြည်သူတစ်ရပ်လုံးက တောင်သူတို့၏ဘဝကို ဝိုင်းဝန်းပံ့ပိုးကူညီကြရမည်ဖြစ်သည်။ သင့်တင့်မျှတသော သီးနှံဈေးကွက်များ ဖော်ဆောင်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာသစ်များ ဖြန့်ဝေပေးခြင်းနှင့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသော မျိုးစေ့များ ပံ့ပိုးပေးခြင်းတို့သည် တောင်သူတို့၏ “အသက်သွေးကြော”ကို ပိုမိုခိုင်မာစေမည့် လုပ်ရပ်များဖြစ်သည်။ တောင်သူလယ်သမားတို့ဘဝ မြင့်မားလာခြင်းသည် နိုင်ငံတော်၏ ဂုဏ်ဒြပ်မြင့်မားလာခြင်းပင်ဖြစ်”**

ယနေ့ခေတ်ကာလတွင် မတ်လ ၂ ရက်နေ့သို့ ရောက်ရှိတိုင်း ကျွန်ုပ်တို့သည် တောင်သူလယ်သမားကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရရုံသာမက သူတို့၏ ဘဝအဆင့်အတန်း မြင့်မားလာစေရန် မည်သို့ကူညီပံ့ပိုးပေးနိုင်မည်နည်းဟူသော အချက်ကိုလည်း အလေးအနက် စဉ်းစားကြရမည်ဖြစ်သည်။ သမိုင်းမော်ကွန်းတစ်လျှောက် ချွေးနှင့်သွေးကို ရင်းနှီးကာ နိုင်ငံတော်၏ စီးပွားရေးကို ထောက်မကူညီခဲ့သော တောင်သူလယ်သမားတို့သည် ဂုဏ်ပြုထိုက်သော၊ တန်ဖိုးထားထိုက်သော ပုဂ္ဂိုလ်များအဖြစ် မြန်မာ့မြေပြင်ထက်တွင် ထာဝရ မော်ကွန်းထိုးလျက် ရှိနေမည်သာဖြစ်သည်။ နိုင်ငံတော်ကလည်း တောင်သူလယ်သမားများ၏ လူမှုဘဝ မြင့်မားတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်မှာလည်း ထင်ရှားသော ပြယုဂ်ဖြစ်သည်။

လူသားတစ်ဦး၏ ခန္ဓာကိုယ်ယန္တရား ပုံမှန်လည်ပတ်နိုင်ရန်အတွက် သွေးကြောများအတွင်း သွေးသားအာဟာရတို့ စီးဆင်းနေရသကဲ့သို့ပင် နိုင်ငံတော်ဟူသော ခန္ဓာကိုယ်ကြီး ကျန်းမာကြံ့ခိုင်စွာ ရပ်တည်နိုင်ရန်အတွက်လည်း တောင်သူလယ်သမားတို့၏ထုတ်ကုန်များသည်အဓိကအသက်သွေးကြောအဖြစ် စီးဆင်းလျက်ရှိသည်။

မြို့ပြ၏ မြင့်မားသော အဆောက်အအုံများပေါ်တွင်ဖြစ်စေ၊ စက်မှုဇုန်များ၏ စက်သံတညံညံကြားတွင်ဖြစ်စေ ကျွန်ုပ်တို့အားလုံး နေ့စဉ်စားသုံးနေကြသော ဆန်တစ်စေ့၊ ဆီတစ်ပေါက်နှင့် ဟင်းသီးဟင်းရွက်တိုင်းသည် တောင်သူတို့၏ ဖုန်စွဲနေသော ခြေဖဝါးများနှင့် ရုန်းကန်မှုများမှ မြစ်ဖျားခံခဲ့ခြင်းဖြစ်သည်။ **“စပါးရှိမှ အစားရှိမည်၊ အစားရှိမှ အားရှိမည်”**ဆိုသကဲ့သို့ ပြည်သူတို့၏ ဝမ်းစာဖူလုံမှုသည် တောင်သူတို့၏ လက်ဖဝါးထက်တွင် တည်ရှိနေသည်။ ဆန်စပါးတင်ပို့မှုတွင် တစ်ချိန်က ကမ္ဘာ့အဆင့်(၁)ရရှိခဲ့သော မြန်မာ့ဂုဏ်ရည်သည် တောင်သူလယ်သမားတို့၏ မဆုတ်မနစ်သော ဇွဲလုံ့လနှင့် လုပ်နိုင်စွမ်းကို သက်သေထူနေခြင်းပင်ဖြစ်သည်။ ယခုကာလတွင် နိုင်ငံတော်မှ မျိုး၊ မြေ၊ ရေ၊ နည်းဖြင့် သီးနှံများပန်းတိုင်အထွက်ရရှိပြီး တောင်သူများ စီးပွားရေးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

စီးပွားရေးရှုထောင့်မှ ကြည့်လျှင်လည်း တောင်သူလယ်သမားတို့သည် နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကိုထောက်မထားသည့်အားအင်အကောင်းဆုံးသော လုပ်သားထုကြီးဖြစ်သည်။ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP)တွင် စိုက်ပျိုးရေးကဏ္ဍသည် ၂၀-၂၅ ရာခိုင်နှုန်းအထိ ပါဝင်နေရုံသာမက နိုင်ငံခြားသို့ ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ရော်ဘာစသည့် ထွက်ကုန်များကို တင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သော နိုင်ငံခြားငွေများကို ရှာဖွေပေးနေကြသည်။ တောင်သူတစ်ဦး၏ လယ်ယာမြေထက်မှ ထွက်ရှိသော သီးနှံများသည် ပြည်တွင်းစားသုံးမှုအတွက်သာမကဘဲ ပြည်ပဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်ကာ မြန်မာ့မြေ၏ ဂုဏ်သတင်းကို လွှင့်ထူပေးနေကြသည်။

ထို့အပြင် လူမှုရေးရှုထောင့်အရ ကျေးလက်နေလူဦးရေမှာ ၇၀ ရာခိုင်နှုန်းခန့် ရှိနေခြင်းကြောင့် တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝတိုးတက်လာခြင်းသည် တစ်နိုင်ငံလုံး၏ ဆင်းရဲနွမ်းပါးမှု လျော့ကျခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ တောင်သူလယ်သမားကြီးများ၏ အိတ်ကပ်ထဲတွင် ငွေဝင်မှသာ ကျေးလက်စီးပွားရေးလည်ပတ်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြို့ပြကုန်သွယ်မှုများလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကျိုးအတွက်သာမက လောကသားတို့ အာဟာရပြည့်ဝစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဘီးကြီး ရှေ့သို့လိမ့်နိုင်ရန်အတွက် မိမိတို့၏ အချိန်၊ လူအင်အားနှင့် ကျန်းမာရေးတို့ကို မြေကြီးထဲတွင် ရင်းနှီးမြှုပ်နှံထားကြသူများဖြစ်သည်။

တောင်သူလယ်သမားဟူသည် ကုန်ထုတ်လုပ်သူ သက်သက်မဟုတ်ဘဲ နိုင်ငံတော်၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနေသော အင်အားစုကြီးလည်းဖြစ်သည်။ သူတို့၏ အခန်းကဏ္ဍသည် ခေတ်စနစ်များ မည်သို့ပင် ပြောင်းလဲစေကာမူ၊ နည်းပညာများ မည်သို့ပင် မြင့်မားလာစေကာမူ နိုင်ငံတော်၏ **“အသက်သွေးကြော”** အဖြစ် ထာဝစဉ် အရေးပါနေဦးမည်သာ ဖြစ်ပါသည်။

သို့သော် ထိုမျှလောက်သော အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှပင် တောင်သူလယ်သမားကြီးများက လက်မလျှော့ခဲ့ကြ။ မိမိတို့၏ဘဝကို မြေကြီးထဲတွင် နစ်မြှုပ်ထားသော်လည်း လောကသားတို့ စားရေရိက္ခာဖူလုံစေရန်ဟူသော စေတနာအရင်းခံဖြင့် ဆက်လက်စိုက်ပျိုးနေကြဆဲဖြစ်သည်။ သူတို့သည် ဆုလာဘ်ကို မျှော်ကိုး၍မဟုတ်ဘဲ လုပ်ဆောင်အပ်သော တာဝန်တစ်ခုအဖြစ် မှတ်ယူကာ ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ထိုစိန်ခေါ်မှုများကို ကျွန်ုပ်တို့အားလုံးက ဝိုင်းဝန်းကူညီဖြေရှင်းပေးမှသာလျှင် **“ရွှေရောင်လွင်ပြင်”**ဟူသော ဂုဏ်ပုဒ်သည် ထာဝရဝင်းပနေမည် ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇
နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ လာအိုအမျိုးသားလွှတ်တော် ပြင်ပဆက်ဆံရေးဌာန၊ ဒုတိယဥက္ကဋ္ဌ Mr. Chanthavong SENEAMATMONTRY ဦးဆောင်သော ချစ်ကြည်ရေးအသင်းအဖွဲ့ဝင်များကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်၊ သာသနာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် အလုပ်သမားရေးရာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးနှင့် ပြည်သူအချင်းချင်းကူးလူးဆက်ဆံမှုမြှင့်တင်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် နှစ်ဖက်ချစ်ကြည်ရေးအသင်းတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ မီးဘေးလုံခြုံရေးဆိုင်ရာ မီးသတ်ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇
ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ မီးဘေးလုံခြုံရေး အတွက် အထောက်အကူပြုစေမည့် မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက်နှင့် မီးသတ်ပစ္စည်းများကိုင်တွယ်အသုံးပြု၍ မီးသတ်ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ ဦးကျော်မျိုးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် ဤအဖွဲ့မှဝန်ထမ်းများ အပေါ့စား မီးငြိမ်းသတ်စက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ သတ်မှတ်ထားသည့် စံနှုန်းများဖြစ်သည့် မီးလောင်မှု အခြေခံသဘောတရားများ၊ မီးအတန်းအစားခွဲခြားခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို ဤအဖွဲ့မှ သင်တန်းတက်ရောက်ထားသည့် အရာထမ်းများက စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပြီး အမျိုးသားဝန်ထမ်း ၃၀၊ အမျိုးသမီး ဝန်ထမ်း ၃၀ စုစုပေါင်း ၆၀ တို့ကို အဖွဲ့ ခြောက်ဖွဲ့ခွဲ၍ ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲအသွင်ဖြင့် ကျင်းပသည်။

ထိုသို့ ပြိုင်ပွဲများကျင်းပခြင်းဖြင့် ဝန်ထမ်းများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ၊ အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်တတ်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ရရှိစေမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားလျှင် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ခြင်းနှင့် စည်းလုံးညီညွတ်စွာ၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ထို့နောက် ဆုရအသင်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးရဲတင့် ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (၁) ၌ MITV ၏ Quiz Time အစီအစဉ် ရိုက်ကူးနေမှု ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တာဝန်ကျေပွန်သော၊ သစ္စာရှိသော၊ ဝန်ထမ်းကျင့်ဝတ်ကို လိုက်နာသော၊ ခြိုးခြံချွေတာသော ဝန်ထမ်းကောင်းများ ဖြစ်စေရေး၊ အထက်အောက် အပြန်အလှန် လေးစားမှု၊ ယုံကြည်မှုရှိရေး၊ စဉ်းစားတွေးခေါ်မှုနှင့် လိမ္မာပါးနပ်မှုရှိသော ခေါင်းဆောင်အရာရှိများ ဖြစ်စေရေး၊ စာများများ ဖတ်ရှုပြီး အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်မြင့်မားလာစေရေး၊ ခေတ်နှင့် လျော်ညီစွာ ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုရှိအောင် ဆောင်ရွက်ရေးနှင့် နွေရာသီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကို ဂရုပြုစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စတူဒီယို (၁) ၌ MITV ၏ Quiz Time အစီအစဉ် ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကျောင်းသုံးပုံနှိပ်စာအုပ် ရိုက်နှိပ်ထုတ်ယူနေမှု၊ အသစ်ဝယ်ယူရောက်ရှိသော စက်ပစ္စည်းများ တပ်ဆင် စမ်းသပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်

စာမျက်နှာ ၁၀ မှ

ထို့ကြောင့် တောင်သူလယ်သမားနေ့တွင် ကျွန်ုပ်တို့ ဂုဏ်ပြုရမည်မှာ သူတို့၏ ထွက်ကုန်များသာမက အခက်အခဲပေါင်းစုံကြားမှ အရှုံးမပေးဘဲ မြေကြီးကို ဆက်လက်ဖက်တွယ်နေသည့် သူတို့၏ “ဇွဲ”နှင့် “သတ္တိ”ကိုလည်း ဖြစ်သည်။ အကြွေးသံသရာမှ လွတ်ကင်းပြီး ကိုယ်ပိုင်လယ်ယာမြေထက်တွင် ဂုဏ်သိက္ခာရှိရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို ဆောင်ကြဉ်းပေးခြင်းသည်သာလျှင် တောင်သူတို့အတွက် အစစ်မှန်ဆုံးသော ဂုဏ်ပြုခြင်းဖြစ်ပေလိမ့်မည်။

ခေတ်စနစ်များ မည်သို့ပင် ပြောင်းလဲစေကာမူ၊ နည်းပညာဒီရေများ မည်သို့ပင် မြင့်တက်လာစေကာမူ တောင်သူလယ်သမားတို့၏အခန်းကဏ္ဍသည် ကမ္ဘာတည်သရွေ့ မှေးမှိန်သွားမည် မဟုတ်ပေ။ အနာဂတ်တွင် ကျွန်ုပ်တို့ မျှော်လင့်တောင့်တအပ်သည်မှာ ပင်ပန်းဆင်းရဲလှသော ရိုးရာစိုက်ပျိုးရေးဘဝမှသည် ခေတ်မီ၍ သက်သာချောင်ချိသော စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးပင်ဖြစ်သည်။ တောင်သူတို့၏ လက်ထဲတွင် ထွန်တုံးအစား ခေတ်မီစက်ကိရိယာများ၊ အကြွေးစာရင်းအစား အကျိုးအမြတ်မှတ်တမ်းများ၊ မျက်ရည်များအစား ပြုံးရွှင်သော မျက်နှာများဖြင့် ပြည့်နှက်နေသည့် အနာဂတ်ရွှေရောင်လွင်ပြင်ကြီးကို ကျွန်ုပ်တို့ မြင်တွေ့လိုလှပါသည်။

ထိုသို့သော အနာဂတ်ကို တည်ဆောက်နိုင်ရန်မှာ တောင်သူလယ်သမားများ၏ ကြိုးပမ်းမှုသက်သက်ဖြင့် မလုံလောက်ပါ။ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာနှင့် ပြည်သူတစ်ရပ်လုံးက တောင်သူတို့၏ဘဝကို ဝိုင်းဝန်းပံ့ပိုးကူညီကြရမည်ဖြစ်သည်။ သင့်တင့်မျှတသော သီးနှံဈေးကွက်များ ဖော်ဆောင်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာသစ်များ ဖြန့်ဝေပေးခြင်းနှင့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသော မျိုးစေ့များ ပံ့ပိုးပေးခြင်းတို့သည် တောင်သူတို့၏ **“အသက်သွေးကြော”**ကို ပိုမိုခိုင်မာစေမည့်လုပ်ရပ်များဖြစ်သည်။ တောင်သူလယ်သမားတို့ဘဝ မြင့်မားလာခြင်းသည် နိုင်ငံတော်၏ ဂုဏ်ဒြပ်မြင့်မားလာခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ်တို့ အမြဲနှလုံးသွင်းအပ်ပေသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် တောင်သူလယ်သမားတို့သည် မြေကြီးထဲတွင် ရွှေကို ရှာဖွေသူများမဟုတ်ဘဲ မြေကြီးမှ ရွှေသီးအောင် ဖန်တီးပေးနေသည့် **“ပွဲ့ကိုင်ရှင်”**များဖြစ်ကြသည်။ သူတို့သည် မြန်မာ့မြေ၏ ဂုဏ်ဆောင်များဖြစ်သလို ကျွန်ုပ်တို့ ခန္ဓာကိုယ်ထဲတွင် စီးဆင်းနေသော အာဟာရဓာတ်တို့၏ အရင်းအမြစ် ကျေးဇူးရှင်များလည်း ဖြစ်ကြသည်။ မတ်လ ၂ ရက်နေ့တွင် ကျရောက်သော တောင်သူလယ်သမားနေ့သည် ပြက္ခဒိန်ပေါ်မှ နေ့တစ်နေ့သက်သက်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ ကျေးဇူးရှင်တောင်သူတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရကာ သူတို့၏ဘဝများ လုံခြုံစိတ်ချရစေရန် ကတိပြုရမည့်နေ့ဖြစ်သည်။

စပါးနံ့တို့ ဝင်းမှည့်နေသော ရွှေရောင်လွင်ပြင်ကြီးများသည် နိုင်ငံတော်၏ အနာဂတ်ကို လင်းလက်စေသကဲ့သို့ ထိုလွင်ပြင်ကြီးများကို ပွဲ့ကိုင်မောင်းနှင်နေသော တောင်သူလယ်သမားတို့၏ ဘဝများသည်လည်း အေးချမ်းသာယာမှုများဖြင့် ပြည့်နှက်နေပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် **“နိုင်ငံတော်၏ အသက်သွေးကြော၊ ရွှေရောင်လွင်ပြင်၏ ပွဲ့ကိုင်ရှင်များ”**အား အလေးအနက် ဦးညွတ်ဂုဏ်ပြုလိုက်ရပေသည်။ ။

နိုင်ငံခြားရေးမူဝါဒဖြင့် အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်ခြင်း ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနက "နိုင်ငံခြားရေးမူဝါဒဖြင့် အမျိုးသား အကျိုးစီးပွားကို ဖော်ဆောင်ခြင်း"(Advancing National Interests through Foreign Policy) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲကို လက်ရှိနိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိကြီးများ၊ ဝါရင့်သံတမန်ကြီးများ၊ ပါမောက္ခပညာရှင်များထံမှ အတွေ့အကြုံများမျှဝေပေးခြင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ သုတေသနပြုမှုအလေ့အထနှင့် တွေးခေါ်မှုများ တိုးတက်စေရန်နှင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် မှန်ကန်သည့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားနိုင်ရန် အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသာမက ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ ယခုကျင်းပသည့် ဆွေးနွေးပွဲမှတစ်ဆင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးအတွက် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို လေ့လာသုံးသပ်၍ စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သည့် အကြံပြုချက်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အရာထမ်းများအနေဖြင့် မျက်မှောက်ခေတ် ပထဝီနိုင်ငံရေးအခင်းအကျင်းများ၊ နည်းပညာဖွံ့ဖြိုးမှုနှင့်အတူ ပြောင်းလဲလာသည့် ဒေသတွင်းနှင့် နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်း ပကတိအခြေအနေများ၊ လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ပိုမိုသိရှိနားလည်စေရန်နှင့် နိုင်ငံတကာဆက်ဆံရေးတွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် နည်းလမ်းများဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းတွင် အမျိုးသားအကျိုးစီးပွားနှင့် ပထဝီနိုင်ငံရေး ဆက်နွှယ်မှု၊ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လေ့လာဆန်းစစ်မှု၊ နိုင်ငံတကာဆက်ဆံရေးတွင် သတင်းမီဒီယာ၏ အခန်းကဏ္ဍ၊ လက်ရှိအမျိုးသားအကျိုးစီးပွားဆိုင်ရာ ဦးစားပေးမှုများကို ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခပညာရှင်များက ဆွေးနွေးကြသည်။

ဒုတိယပိုင်းတွင် နိုင်ငံတကာ၌ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးနှင့် ပတ်သက်၍ လက်တွေ့ဆောင်ရွက်ခဲ့သော ဝါရင့်သံအမတ်ကြီးများက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား သံခင်းတမန်ခင်း အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အုပ်စုများခွဲကာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

သတင်းစဉ်

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိချုပ်နှင့် လိုင်စင်ရသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေအရ ထိမ်းမြားခြင်း ကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ထိမ်းမြားမှုမှတ်ပုံတင် အရာရှိချုပ်နှင့် ထိမ်းမြားမှု လိုင်စင်ရသူများ၏ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး အစည်းအဝေးခန်းမ၌ In Person / Virtual စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ထိမ်းမြားမှု မှတ်ပုံတင်အရာရှိချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၉ တို့အရ ခရစ်ယာန်ဘာသာဝင်များကို ဝိနည်းနှင့်အညီ ထိမ်းမြားပေးနိုင်ရန် လိုင်စင်ထုတ်ပေးခြင်း၊ ပုဒ်မ ၇ အရ မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်အရာရှိချုပ် ခန့်အပ်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းနှင့် ထိမ်းမြားခြင်း ဆောင်ရွက်ရာတွင် လိုက်နာရန် ကြေညာချက်၊ ညွှန်ကြားချက် ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးဖြစ်စဉ်များတွင် နိုင်ငံခြားသားများက ခေတ္တလာရောက်စဉ် မြန်မာအမျိုးသမီးများအား လှည့်ဖြားလိုသောသဘောဖြင့်ငွေကြေးပေးထိမ်းမြားပြီး ခေါ်ဆောင်သည့် အန္တရာယ်မှ ကာကွယ်ရန် ဝိနည်းနှင့်အညီ ထိမ်းမြားရာတွင် လိုက်နာရန် ညွှန်ကြားချက် ၁/၂၀၂၆ ထုတ်ပြန်ခဲ့ကြောင်း၊ ခရစ်ယာန်ထိမ်းမြားမှု ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်၊ ဥပဒေနှင့်ညီညွတ်စေရန် ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိမ်းမြားခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး (လုပ်ထုံး၊ အငြင်းပွား၊ စစ်ဆေးရေး) နှင့် ဥပဒေလုပ်ထုံးလုပ်နည်းဌာန ညွှန်ကြားရေးမှူး ဒေါ်သူဇာအောင်တို့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ဆွေးနွေးပြောကြားခြင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့် အထိမ်းအမှတ်စာစောင်တွင် ထည့်သွင်းထုတ်ဝေရန် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများ ဖိတ်ခေါ်ခြင်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မင်္ဂလာအခမ်းအနားကို ၃၀-၄-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်စာစောင် ထုတ်ဝေသွားမည်ဖြစ်ပါသဖြင့် စာစောင်တွင် ထည့်သွင်းရန် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများကို အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ရေးသားပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည် -

(က) ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများကို မည်သူမဆို ရေးသားပေးပို့နိုင်ပြီး ကဗျာများကို A4 ဆိုဒ် စာမျက်နှာ ၁ မျက်နှာ၊ ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၇ မျက်နှာအထိ၊ ဝတ္ထုများကို A4 ဆိုဒ် စာမျက်နှာ အများဆုံး ၁၀ မျက်နှာခန့်နှင့် စာတမ်းများကို A4 ဆိုဒ် စာမျက်နှာအများဆုံး ၁၅ မျက်နှာခန့် ရေးသားပေးပို့ရန်၊ (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)

(ခ) ကွန်ပျူတာစာလုံး (Pyidaungsu Font)၊ စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ်လက်မ ပတ်လည်(Margins 1"ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပြီး အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊

(ဂ) ပုံနှိပ်ဖော်ပြထားပြီးသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော စာမူဖြစ်ကြောင်း ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများနှင့်အတူ ပေးပို့ရန်၊

(ဃ) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်၊ (ရွေးချယ်ခံရခြင်းမရှိသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများအား ဆက်သွယ်ပြန်ကြားသွားမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။)

(င) ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများပေးပို့ရာတွင် စာမူ Hard + Soft Copy (Word + Pdf) တစ်စုံစီ၊ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံသုံးပုံ (၁.၅" x ၂" ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၈၃၈၄၊ ၀၆၇-၃၄၀၈၄၃၇၊ အီးမေးလ် dhrnlm23@ gmail.com သို့ ၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်(သောကြာနေ့) နောက်ဆုံးထားပေးပို့ရန်၊

(စ) အသေးစိတ်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website (www. moculture. gov.mm)၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) www.nlm.gov.mm နှင့် အမျိုးသား စာကြည့်တိုက်(နေပြည်တော်) www.nlmnpt.gov.mm တို့တွင်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) နှင့် (နေပြည်တော်)တို့၏ Facebook Page တို့တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုရန်။ (အချိန်ကာလကန့်သတ်ချက်အရ သတ်မှတ်ရက်ထက် ကျော်လွန်ပြီး ပေးပို့လာသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများအား ထည့်သွင်းဖော်ပြပေးနိုင်ခြင်းမရှိသည်ကို သိရှိနားလည်ပေးနိုင်ပါရန် တစ်ပါတည်းဖော်ပြအပ်ပါသည်။)

အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရေးဆပ်ကော်မတီ
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် (၉၇)ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ၌ ဗုဒ္ဓစွယ်တော်မြတ်အား ပင့်ဆောင်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ရှိ အတုလဗုဒ္ဓမဟာစွယ်တော်မြတ်၏ (၉၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက မြတ်စွယ်တော်ဘုရားတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြတ်စွယ်တော်စျေးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနမဟာနာယက ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ပညာဇောတ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြတ်စွယ်တော်ဂေါပက အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက မြတ်စွယ်တော်စျေးကျောင်း ပရိယတ္တိဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနာကြားကြကာ ဆရာတော်ကြီးများအားပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မြတ်စွယ်တော်အတွက် နဝကမ္မအလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြတ်စွယ်တော်ဂေါပက အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် (၉၇)ကြိမ်မြောက် အတုလဗုဒ္ဓမဟာ စွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကို မြတ်စွယ်တော်စျေးကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြတ်စွယ်တော်ဂေါပကအဖွဲ့က သစ်ကနက်စစ်နတ်သစ် ရုပ်ပွားတော်မြတ်နှင့် ဇမ္ဗူပတိရုပ်ပွားတော်မြတ်တို့အား ဂန္ဓကုဋိတိုက်တော်မှ ယာယီရွှေကျောင်းတော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အတုလဗုဒ္ဓ လက်ဝဲအောက် စွယ်တော်မြတ်အား ဂန္ဓကုဋိတိုက်တော်မှ ယာယီရွှေကျောင်းတော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါ အတုလဗုဒ္ဓလက်ဝဲအောက်စွယ်တော်မြတ်အား ရုပ်နီးရုပ်ဝေးမှ ဘုရားဖူးလာ ပြည်သူများ ဖူးမြော်ကြည်ညိုပူဇော်နိုင်ရန် ယာယီရွှေကျောင်းတော်၌ မတ် ၆ ရက်အထိ ကိန်းဝပ်စံပယ်အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၆)ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကော်မတီအဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အရပ်ဘက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (The United Nations Convention on the Rights of the Child–UNCRC) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် UNCRC ပါ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးလေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်များကို ကလေးသူငယ်တိုင်းရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီကို အဖွဲ့ဝင် ၄၀ ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကာ လုပ်ငန်းကော်မတီကိုလည်း အဖွဲ့ဝင် ၄၂ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ မွေးစမှ အသက် ၈ နှစ်အထိ ရှေးဦးအရွယ်ကလေးသူငယ်များ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး ဌာနမူလတန်းကြိုကျောင်းများ ဖွင့်လှစ်ခြင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအားထောက်ပံ့ခြင်း၊ပုဂ္ဂလိကမူလတန်းကြိုကျောင်းများကို တည်ထောင်ခွင့်ပြုမိန့်များ ထုတ်ပေးပြီး ကြီးကြပ်ခြင်း၊ မိခင်ဝိုင်းများကို အားပေးအကူအညီပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူ့ဘဝအစ ရက် (၁,၀၀၀) ကာလအတွင်း အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များပြည့်မီ၍ ကလေးသူငယ်များ၏ ဦးနှောက်နှင့် ခန္ဓာကိုယ်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အထိကလေးများအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) အကျိုးခံစားခွင့်ရှိသူ ၁၂၉၃၅၅ ဦးအတွက် ထောက်ပံ့ငွေစုစုပေါင်း ၁၂၀၁၆ ဒသမ ၃၉၅ ကျပ်သန်းကို မြန်မာ့စီးပွားရေးဘဏ်ခွဲများမှ တစ်ဆင့် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သည့် ကလေးသူငယ်များအတွက်လည်း ကလေးအခွင့်အရေးများရရှိစေရန် ကလေးသူငယ်ကြီးကြပ်သူ အစီရင်ခံစာများ တင်ပြဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၄)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကိုတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ်ကြီးကြပ်သူ အစီရင်ခံစာ ဆောင်ရွက်မှုအခြေအနေကို တင်ပြသည်။

ယင်းနောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂၃)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ (၂၃)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာသုတေသန စာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ယမန်နေ့နံနက်ပိုင်းက Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ Polytechnic University များ၊နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ IEEE Myan–mar Subsection၊ပြင်ပကွန်ပျူတာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ ကွန်ပျူတာပညာရှင်များ၊ စာတမ်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနိုင်သည်ကို သတိပြုကြရန်နှင့် ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ် စီးပွားရေးဘဝများကို ထူထောင်နိုင်ရန်၊ မြန်မာဒစ်ဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ သက်ဆိုင်ရာမဟာဗျူဟာမဏ္ဍိုင်များအလိုက် လုပ်ငန်းစဉ်များကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရန်၊ စာတမ်းဖတ်ပွဲ နောက်ဆက်တွဲအနေဖြင့် သုတေသနရလဒ်များကို Agro–based Industries များ၊ MSME များ ဖွံ့ဖြိုးရေးအတွက် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပြောင်းလဲတိုးတက်မှုနှုန်း မြန်ဆန်လျက်ရှိသည့် AI အပါအဝင် နည်းပညာအရွေ့နှုန်းတို့နှင့် အမီလိုက်ပါနိုင်ရေး သုတေသနကွန်ရက်များ ဖွဲ့စည်းချိတ်ဆက် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကိုရီးယားနိုင်ငံ နမ်ဆိုးလ်တက္ကသိုလ်မှ ပါမောက္ခ Dr. Jae Young Ahn ၊ ဂျပန်နိုင်ငံ Aichi Sangyo University မှ ပါမောက္ခ Dr. Yutaka Ishibashi နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Taiyuan University of Science and Technology မှ ပါမောက္ခ Dr. Tammam Tillo တို့က သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အမှာစကား ပြောကြားကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲအတွက် တင်သွင်းသည့် စာတမ်း ၁၃၀ ၏ အရည်အသွေးကို နိုင်ငံတကာ ပါမောက္ခများက စိစစ်အကဲဖြတ် ရွေးချယ်ခဲ့ကြပြီး မြန်မာ၊ တရုတ်၊ ဂျပန်၊ အမေရိကန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အိုမန်၊ ဘင်္ဂလားဒေ့ရှ်၊ တူကီယဲ၊ ဂျော်ဒန်စသည့် နိုင်ငံများမှ တက္ကသိုလ်များနှင့် သုတေသနဌာနများမှ စာတမ်းရှင်များက AI ၊ ကွန်ပျူတာဖြင့် ဘာသာစကားနှင့် အသံတို့ကို အလိုအလျောက် ဆောင်ရွက်မှု၊ အင်တာနက်ကွန်ရက်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ ကမ္ဘာ့မြေပြင်သတင်းအချက်အလက်စနစ်နှင့် ပုံရိပ်လေ့လာခြင်းဆိုင်ရာ စာတမ်းများကို Parallel Sessions ၁၁ ခုတို့တွင် ရှင်းလင်းဖတ်ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နောက်ဆုံးပေါ်နည်းပညာများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကိုအားဖြည့်နိုင်ရေး အာရှ-ပစိဖိတ် ပညာရှင်များဆွေးနွေး

ဘန်ကောက် ဖေဖော်ဝါရီ ၂၇
(၁၃) ကြိမ်မြောက် အာရှ-ပစိဖိတ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်၏ နောက်ဆက်တွဲဆွေးနွေးပွဲ တစ်ခုတွင် အာရှ-ပစိဖိတ်ဒေသမှ ပညာရှင်များက နောက်ဆုံးပေါ် နည်းပညာများကို အသုံးချ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs) အောင်မြင်ရေးအတွက် လက်တွေ့ကျသော ဖြေရှင်းနည်းများအဖြစ် မည်ကဲ့သို့ အသွင်ပြောင်းနိုင်ရေး ဆွေးနွေးကြသည်။

"ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် တီထွင်ဆန်းသစ်ခြင်း – SDGs များအတွက် တက္ကသိုလ်များနှင့် နောက်ဆုံးပေါ်နည်းပညာများ" အမည်ရှိ အဆိုပါ ဆွေးနွေးပွဲကို ရှင်းဟွာတက္ကသိုလ်နှင့် အာရှတက္ကသိုလ်များမဟာမိတ်အဖွဲ့ အတွင်းရေးမှူးရုံးတို့က ပူးပေါင်း စီစဉ်ပြီး ဖေဖော်ဝါရီ ၂၆ ရက်က စတင်ကာ ဘန်ကောက်မြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ အမှုဆောင်အတွင်းရေးမှူး အာမီဒါ ဆယ်လ်စီယာ အလစ်ရှ်ဂျာဘာနာက ဉာဏ်ရည်တု (AI) နှင့် စက်ရုပ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများသည် နယ်ပယ်အသီးသီးတွင် လျင်မြန်စွာအသုံးချလာနိုင်ပြီဖြစ်ကြောင်းနှင့် ၎င်းတို့သည် အာရှ-ပစိဖိတ်ဒေသ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအင်ဂျင်တစ်လုံးသဖွယ် ဖြစ်လာနိုင်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို စတင်ခဲ့ချိန်မှစ၍ အာရှ-ပစိဖိတ်ဒေသသည် ထူးခြားသောတိုးတက်မှုများ ရရှိခဲ့သော်လည်း ဒေသတွင်း၌ လိုအပ်ချက်များ ရှိနေသေးကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့် အသုံးချမှုများသည် အဓိကသော့ချက်ဖြစ်ကြောင်း ရှင်းဟွာတက္ကသိုလ်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌ ဂိုရှောင်က ပြောကြားသည်။

ဆွေးနွေးပွဲများအတွင်း တက္ကသိုလ်များနှင့် လုပ်ငန်းရှင်များမှ ကျွမ်းကျင်သူများနှင့် ကိုယ်စားလှယ်များသည် "AI နည်းပညာဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များဆိုင်ရာ တီထွင်ဆန်းသစ်မှုကို အားဖြည့်ပေးခြင်း"နှင့် "အစိမ်းရောင် တိုးတက်မှုအတွက် ဖြေရှင်းနည်းများ – သုတေသနမှသည် လက်တွေ့အသုံးချမှုဆီသို့" ဆိုသည့် အကြောင်းအရာများအပေါ် အသေးစိတ်ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

တက်ရောက်လာသူများက အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများသည် နောက်ဆုံးပေါ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးကြောင်း သဘောတူညီခဲ့ကြသည်။ ထို့အပြင် နောက်ဆုံးပေါ်နည်းပညာများသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် မောင်းနှင်အားဖြစ်လာစေရန် ကဏ္ဍစုံနှင့် နယ်စပ်ဖြတ်ကျော် စက်မှု-တက္ကသိုလ်-သုတေသန ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေမည့် တံတားတစ်စင်းအဖြစ် ဆက်လက်ဆောင်ရွက်သင့်ကြောင်းလည်း ဆွေးနွေးခဲ့ကြသည်။ **ဆင်ဟွာ**

ဓာတ်ပုံ – အာသံတိုင်းမ်နယူးစ်

ဘန်ကောက်မြို့၌ လျှပ်စစ်သုံးအငှားရေယာဉ်များ စမ်းသပ်မောင်းနှင်

ဘန်ကောက် ဖေဖော်ဝါရီ ၂၇
ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ တူးမြောင်းများတွင် လျှပ်စစ်သုံးအငှားရေယာဉ်များ စမ်းသပ်ပြေးဆွဲ မောင်းနှင်လျက်ရှိသည်။

အဆိုပါ ရှေ့ပြေးစီမံကိန်းသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

အဆိုပါစမ်းသပ် မောင်းနှင်မှုကို ဖေဖော်ဝါရီလကုန်ပိုင်း မတိုင်မီအထိ ပြုလုပ်မည်ဖြစ်ပြီး ပါဝင်သူများကို အခမဲ့စီးနင်းခွင့်ပေးရန် မြို့တော် အုပ်ချုပ်ရေးအဖွဲ့က ကမ်းလှမ်းထားသည်။

လျှပ်စစ် ရေယာဉ်များသည် ဆိပ်ခံတံတား ၁၄ ခုတွင် ပြေးဆွဲနေပြီး ထိုမှတစ်ဆင့် အချက်အချာကျသည့် နေရာများနှင့်လူနေရပ်ကွက်များကို အလွယ်တကူ ဝင်ထွက်သွားလာနိုင်သည်။

ခရီးသည်များသည် ၎င်းတို့၏ စမတ်ဖုန်းများမှတစ်ဆင့် ကြိုတင်စာရင်းပေးသွင်း၍ စီးနင်းနိုင်သည်။ အဆိုပါ လျှပ်စစ်ရေယာဉ်များတွင် ခရီးသည် ခြောက်ဦးအထိ လိုက်ပါနိုင်ပြီး တစ်နာရီလျှင် ၁၂ ကီလိုမီတာနှုန်းဖြင့် သွားလာနိုင်သည်။ လက်ရှိတွင် ရေယာဉ်ရှစ်စင်းဖြင့် ပြေးဆွဲလျက်ရှိပြီး မတ်လအတွင်း စီးပွားဖြစ် စတင်ပြေးဆွဲသည့်အခါ ရေယာဉ်များ တိုးချဲ့သွားရန်လည်း စီစဉ်ထားသည်။

စီနင်းခကိုထိုင်းဘတ် ၃၅ ဘတ်မှ စတင်သတ်မှတ်ရန် စီစဉ်ထားသည်။ လျှပ်စစ်ယာဉ်များသည် ဆူညံသံနှင့် လေထုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း လုပ်ငန်းဆောင်ရွက်သူ တီတီအေအုပ်စု၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ချာလမ်ချိုင်း မဟာဂစ်ဆီရီက ပြောသည်။

သမားရိုးကျသယ်ယူပို့ဆောင်ရေးစနစ်ကို နောက်ဆုံးပေါ် နည်းပညာများ အသုံးပြု၍ ပြန်လည်ရှင်သန်အောင် ပြုလုပ်လိုသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် လေကြောင်းခရီးသည် ရှစ်သန်းကျော်လက်ခံရန် မျှော်မှန်း

ဖနောင်ပင် ဖေဖော်ဝါရီ ၂၇
ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် လေကြောင်းခရီးသည် ရှစ်သန်းကျော် လက်ခံရန် မျှော်မှန်းထားပြီး ယမန်နှစ်ထက် ၆ ဒသမ ၉၈ သန်းထက် ပိုများလာမည်ဟု ကမ္ဘောဒီးယားလေကြောင်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (အက်စ်အက်စ်စီအေ)၏ တာဝန်ခံ မော်ဟာဗားနားက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ လေကြောင်းကုန်စည်တန်ချိန်သည် ယမန်နှစ်က ၉၃၈၈၉ တန်ချိန်ရှိရာမှ ယခုနှစ်တွင် တန်ချိန် ၁၁၂၀၀၀ အထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။

လေကြောင်းပို့ဆောင်ရေးသည် ခရီးသွားလုပ်ငန်း၊ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှု-ယဉ်ကျေးမှု ချိတ်ဆက်မှုကို မြှင့်တင်ရာတွင် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေသည်ဟု ၎င်းကပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံတကာလေဆိပ် သုံးခုရှိပြီး နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းလိုင်း ၃၆ ခုသည် နိုင်ငံတွင်းသာမက အာဆီယံအဖွဲ့ဝင်ရှစ်နိုင်ငံသို့လည်း ပျံသန်းပြေးဆွဲလျက်ရှိပြီး တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ကာတာ၊ အိန္ဒိယတို့နှင့်လည်း ချိတ်ဆက်ပြေးဆွဲနေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

အာဖဂန်နစ္စတန်တွင် ပိုမိုဆိုးရွားသည့် ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းနှင့် ရင်ဆိုင်နေရ

ကဘူးလ် ဖေဖော်ဝါရီ ၂၇
အာဖဂန်နစ္စတန်တွင် ပိုမိုဆိုးရွားလာသော ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က အရေးပေါ်သတိပေးချက်ထုတ်ပြန်ထားပြီး အာဟာရချို့တဲ့မှု ပြင်းထန်စွာခံစားနေရသော ကလေး လေးဦးတွင် တစ်ဦးသာ အကူအညီများရရှိနိုင်သည်ဟု ဒေသတွင်းမီဒီယာ တိုလိုသတင်းက ဖေဖော်ဝါရီ ၂၇ ရက်၌ ဖော်ပြခဲ့သည်။

အစီရင်ခံစာအရ အာဖဂန်နစ္စတန်လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် ယခုအခါ ဆိုးဆိုးရွားရွား စားနပ်ရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေရသည်။ အကျပ်အတည်းပိုမိုဆိုးရွားလာသောကြောင့် သန်းနှင့်ချီသည့် ကလေးငယ်များသည် အသက်အန္တရာယ် ခြိမ်းခြောက်နိုင်သည့် အာဟာရချို့တဲ့မှု အန္တရာယ်နှင့်ရင်ဆိုင်နေကြရသည်။ တစ်ချိန်တည်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးသည် အာဖဂန်နစ္စတန်အတွက် ၎င်း၏ ၂၀၂၆ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်ကို စတင်ခဲ့သည်။ ယင်းအစီအစဉ်က အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမိုးအကာနှင့် အခြားအခြေခံဝန်ဆောင်မှုများလိုအပ်နေသော သန်းနှင့်ချီသည့် လူသန်းပေါင်းများစွာအား အရေးတကြီး ပံ့ပိုးကူညီရန် ရည်မှန်းထားကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

၂၀၂၅ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအနှံ့ ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများ၌ သေဆုံး သို့မဟုတ် ပျောက်ဆုံးသူ ၇၆၀၀ ကျော်ရှိ

ဂျီနီဗာ ဖေဖော်ဝါရီ ၂၇
၂၀၂၅ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအနှံ့ ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများပေါ်တွင် သေဆုံးသူ သို့မဟုတ် ပျောက်ဆုံးသူဦးရေမှာ ၇၆၆၇ ဦးခန့်ရှိသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန် ဒူဂျာရစ်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောသည်။

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများ အဖွဲ့အစည်း၏ အချက်အလက်များအရ ပင်လယ်ပြင်ဖြတ်ကျော်သွားလာမှုမှာ အန္တရာယ်အများဆုံးလမ်းကြောင်းများထဲမှ တစ်ခုဖြစ်ကြောင်း၊ မြေထဲပင်လယ်တွင် သေဆုံး သို့မဟုတ် ပျောက်ဆုံးသူ ၂၁၈၅ ဦးရှိပြီး အာဖရိကအနောက်ပိုင်း အတ္တလန်တစ်လမ်းကြောင်းမှ ကနေရီကျွန်းစုများသို့ သွားရာလမ်းကြောင်းတွင် သေဆုံးသူ ၁၂၁၄ ဦးရှိကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက နေ့စဉ်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ သေဆုံး သို့မဟုတ် ပျောက်ဆုံးမှုသည် နှစ်အလိုက် ကျဆင်းမှုများရှိသော်လည်း အမှန်တကယ်သေဆုံးမှု အရေအတွက်မှာ ယခုပမာဏထက်ပို၍ များပြားနိုင်ခြေရှိကြောင်း ဒူဂျာရစ်က ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများ အဖွဲ့အစည်း၏ ကိန်းဂဏန်းများအရ ၂၀၂၅ ခုနှစ်အတွင်း သေဆုံးသူအရေအတွက်သည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် နည်းပါးကြောင်း ၎င်းက ပြောသည်။

၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနှံ့ ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများ၌ သေဆုံးသူဦးရေမှာ ၉၂၀၀ ခန့်ရှိသည်ဟု အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV suicide drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIAအဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝ လက်ခံနိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းအသီးသီးမှလည်း ကန့်ကွက်ရှုတ်ချလျက်ရှိကြရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင်လည်း ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ဇိုင်ဝါးစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းတို့ကလည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်ပါအတိုင်း သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဇိုင်ဝါးစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အမည်မသိမသမာသူများအဖွဲ့က ဖေဖော်ဝါရီလ(၂၀)ရက် ညပိုင်းတွင် အမည်မသိ Drone ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းနှင့် အများပြည်သူအသုံးပြုလျက်ရှိသော လေယာဉ်ကွင်းများ၊ ကားလမ်းများ၊ အဆောက်အအုံများနှင့် နေရာများကို ပစ်ခတ်တိုက်ခိုက်လာနေသော အမည်မသိမသမာသူများအဖွဲ့အား ဇိုင်ဝါးစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဇိုင်ဝါးစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း
မြစ်ကြီးနားမြို့

ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR -72 - 600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား မသမာသူများက ဖေဖော်ဝါရီလ ၂၀ ရက်ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အပေါ် ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း

ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

❖ *ကျောဖုံးမှ*

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက်အပိုဒ်(၂)ပါအတိုင်း ပိုသောဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့တင်ပြလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ် မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက် သတ်မှတ်နှုန်း) ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထား သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	ဓာတ်အားသုံးစွဲသူအမျိုးအစား	ဓာတ်အားခနှုန်းထား	
		သုံးစွဲယူနစ်အလွှာ	ကျပ်
(က)	**အိမ်သုံးအမျိုးအစား**		
	[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာအဆောက်အအုံ] **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။**	၁ မှ ၅၀ ယူနစ်အထိ	၅၀
		၅၁ မှ ၁၀၀ ယူနစ်အထိ	၁၀၀
		၁၀၁ မှ ၂၀၀ ယူနစ်အထိ	၁၅၀
		၂၀၁ ယူနစ်နှင့် အထက်	၃၀၀
(ခ)	**အိမ်သုံးမဟုတ်သည့်အမျိုးအစား**		
	[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံး ဌာနအဖွဲ့ အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ]	၁ မှ ၅,၀၀၀ ယူနစ်အထိ	၂၅၀
		၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ် အထိ	၄၀၀
		၂၀,၀၀၁ယူနစ်နှင့်အထက်	၅၀၀
	မှတ်ချက်။ **(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** **(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုနိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက်မှု(Load Shed) ရှိနိုင်ပါသည်။** **(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/ စီးပွားရေးလုပ်ငန်းများက ပိုသောဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**		
(ဂ)	သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အား ရယူထားပြီး ဓာတ်အားဖြတ်တောက်မှုမရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ အမျိုးအစား	၁ ယူနစ် နှင့် အထက်	၉၀၀

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

အမရပူရမြို့နယ်၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများပေးအပ်

အမရပူရ ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အမရပူရမြို့နယ် ရှေ့တန်းစခန်း ၂ ဂျိုရွာတွင် သီးနှံများပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်ပွဲနှင့် တောင်သူနည်းပညာပေးနှီးနှောဖလှယ်ပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် တောင်သူနည်းပညာပေးနှီးနှောဖလှယ်ပွဲသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မဟာအောင်မြေခရိုင်ဦးစီးမှူး ဦးရဲမင်းသောင်း၊ ခရိုင်/ မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူ ၅၂ ဦး တက်ရောက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးသည့် စပါးမျိုးများ သန့်စင်စေရန် မျိုးစေ့ဆားရည်စိမ်ခြင်း၊ ယူရီးယားဓာတ်မြေဩဇာသုံးစွဲမှု အလေအလွင့်နည်းစေရန် သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ ရောစပ်နည်းနှင့် လက်တွေ့ ရောစပ်ကြဲပက်ခြင်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးသီဟ(အမရ)

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၂၅-၂-၂၀၂၆ ရက်နေ့မှ ၂၆-၂-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10}) ၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင် အောက်ဆိုဒ်	နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ်	အိုဇုန်း	ကာဗွန်မိုနောက်ဆိုဒ်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၃	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

သာကေတမြို့နယ်(၅) ရပ်ကွက်၌ ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်း ဦးဆောင်သည့် သန္နွေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် မြို့မဈေးအတွင်း ဖေဖော်ဝါရီ ၂၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ၁၉၁ အက်ပလီကေးရှင်းထည့်သွင်းအသုံးပြုခြင်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ဘုန်းမြတ်

တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က အဆိုပါဦးစီးဌာန၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်း အမှာစကားပြောကြားစဉ်။ တင်စိုးလွင်

ငဖဲမြို့နယ်၌ မတ်လအတွင်းဖြေဆိုမည့် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပရာ စာစစ်ဌာနများတွင် ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မှူး ဦးအောင်ကျော်မင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလင်းအောင်နှင့် တာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ် (ပြန်/ဆက်)

ပျဉ်းမနားမြို့နယ် မြို့မဈေး၌ ဖေဖော်ဝါရီ ၂၇ ရက်က နေပြည်တော်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဖေဖော်ဝါရီ ၂၆ ရက် က ဘီးလင်းမြို့မရဲစခန်းရှိ ဝန်ထမ်းနှင့်မိသားစုဝင်များအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတက်လင်းဦးနှင့်တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ကမာရွတ်မြို့နယ် ဆင်မလိုက်အဆင့်မြင့်ဈေး၌ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ်တို့ဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသစဉ်။

စိမ်းလဲ့(ပြန်/ဆက်)

ထန်းတပင်မြို့နယ် မြို့မဈေး၌ ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်အောင်ဝင်းစိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုတို့၏ လှူဒါန်းပူဇော်မှုဖြင့် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှတ်တမ်း လွှဲပြောင်းပေးအပ်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၇

တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုတို့၏ လှူဒါန်းပူဇော်မှုဖြင့် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှတ်တမ်း လွှဲပြောင်းပေးအပ်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကရုံး၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် ပဲခူးမြို့၏ ကျက်သရေဆောင်တစ်ခုဖြစ်ပြီး ပဲခူးမြို့နှင့် ရွှေမော်ဓောစေတီတော်သည် ခွဲခြား၍မရကြောင်း၊ မြန်မာနိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံးစေတီတော်ကြီးတစ်ခုဖြစ်ကာ ဘုရားဖူးလာပြည်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိကြောင်း၊ ယခင်ကာလများတွင် နေ့လယ်ခင်းဘက်၌ ဘုရားဖူးလာပြည်သူများအနေဖြင့် ရင်ပြင်တော်ပေါ်ရှိ ကြွေပြားများကြောင့် အပူဒဏ်ကိုခံစားရပြီး ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တပ်မတော်ကြည်း၊ ရေ၊ လေ မိသားစုတို့၏ လှူဒါန်းပူဇော်မှုဖြင့် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ နေပူခံစကျင်ကျောက်ပြားခင်းခြင်း လုပ်ငန်းဆောင်ရွက်ပေးခဲ့မှုကြောင့် ဘုရားဖူးလာပြည်သူများ နေ့ရောညပါ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်မည်ဖြစ်ကြောင်း၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ နေပူခံစကျင်ကျောက်ပြားခင်းခြင်းသည် ရာသက်ပန် ကုသိုလ်ရသည့်လုပ်ငန်းဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲစေရေး အားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများကိုယ်စား တပ်မတော်ကြည်း၊ ရေ၊ လေ မိသားစုတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ နေပူခံစကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)မှ တပ်ရင်းမှူးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)မှ တပ်ရင်းမှူးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှတ်တမ်းအား လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင် ဦးရဲထွန်းက ဘုရားဖူးလာပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ နေပူခံစကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အာကာသကော်ပိုရေးရှင်း (ROSCOSMOS) မှ အထွေထွေညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက္ကသိုလ်များ၌ ဆွေးနွေးပွဲများပြုလုပ်ပြီး အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း (ROSCO-SMOS) မှ အထွေထွေညွှန်ကြားရေးမှူးချုပ် H.E. BAKANOV Dmitry Vladimirovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရှိတက္ကသိုလ်များ၌ ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်နေ့က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ရောက်ရှိစဉ်အတွင်း အထွေထွေညွှန်ကြားရေးမှူးချုပ် H.E.BAKANOV Dmitry Vladimirovich နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ဆိုဗီယက်ပြည်ထောင်စု သူရဲကောင်းဘွဲ့နှင့် ရုရှားနိုင်ငံ၏ သူရဲကောင်းဘွဲ့ ချီးမြှင့်ခြင်းခံရသူ အာကာသယာဉ်မှူး Mr. KRIKALEV Sergei Konstantinovich တို့သည် နေပြည်တော်ရှိ Naypyitaw State Polytechnic University၊ မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများအား အာကာသဆိုင်ရာ သိကောင်းစရာများနှင့် အာကာသသို့ ပျံသန်းခြင်းဆိုင်ရာ အတွေ့အကြုံများကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ သက်ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြပြီး ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံရှိတက္ကသိုလ်များနှင့် ROSCO-SMOS ၏ မိတ်ဖက်တက္ကသိုလ်များအကြား ပညာတော်သင်ဆုပေးအပ်ခြင်းဆိုင်ရာ အစီအစဉ်များနှင့် အခြားသိရှိလိုသည့် အကြောင်းအရာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာအာကာသအေဂျင်စီ၊ အာကာသပြတိုက်(ရန်ကုန်)တို့က ကြီးမှူး၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်သည့် အခြေခံပညာအဆင့် ကျောင်းသားပေါင်း ၆၀၀၀ ကျော်ပါဝင်သည့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ (ဓါတ်ပုံ)

ဖွင့်ပွဲအခမ်းနားအပြီးတွင် ပြည်သူ့ရင်ပြင်၌ ခင်းကျင်းပြသထားသည့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ ကြည့်ရှုလေ့လာကြသည်။ ပြခန်းများ၌ မြန်မာအာကာသအေဂျင်စီမှ ပညာရှင်များ၊ မြန်မာလူငယ်ပညာရှင်များနှင့် အာကာသဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူများ၏ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲဝင်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြပြီး အားပေးချီးမြှောက်စကားများ ပြောကြားခဲ့ကြသည်။ ထို့အပြင် ရွှေတိဂုံစေတီတော်နှင့် မာရဝိဇယဘုရားတို့သို့လည်း သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေး

မန္တလေး ဖေဖော်ဝါရီ ၂၇

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် ထည့်ဝင်ကြေး ပေးသွင်းလျက်ရှိသည့် မြနဂါးအောင်ကုမ္ပဏီမှ အာမခံအလုပ်သမား ဒေါ်သီသီစိုးသည် သဘာဝဘေးအန္တရာယ်ဖြစ်သည့် မတ် ၂၈ ရက်တွင် အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် အလုပ်တွင် ထိခိုက်မှုအတွက် အမြဲတမ်း လုပ်အားဆုံးရှုံးမှု ၅၀ ရာခိုင်နှုန်း၏ ခုနစ်နှစ်စာအတွက် အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၅၂၉၂၀၀၀ ကို ထုတ်ပေးခဲ့သည်။

မင်းထက်အောင်

(မန်းကိုယ်ပွား)

ချမ်းမြသာစည်မြို့နယ်၌ သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

မန္တလေး ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ သမဝါယမအသင်းစု၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က ချမ်းမြောက်ရပ်ကွက်ရှိ မြို့နယ်သမဝါယမ အသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ ချမ်းမြသာစည်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးချစ်ခင်က သဘာပတိအဖြစ် ဆောင်ရွက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုဝေဝေထွန်းက လက်ရှိဆောင်ရွက်နေသော သမဝါယမလုပ်ငန်းများအကြောင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူသဲနွယ်တို့က မြို့နယ်သမဝါယမအသင်းစုနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အလင်းသစ် (ချမ်း/စည်)

မွန်ပြည်နယ်အတွင်း အိုးအိမ်များ အားဖြည့်ပြင်ဆင်မွမ်းမံခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

မော်လမြိုင် ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်၊ သာယာအေးရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ကျောက်တန်းရပ်ကွက်၊ လှိုင်ရပ်ကွက်နှင့် ဇေယျာသီရိရပ်ကွက်များအတွင်းရှိ သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များကို မိုးကြိုကာလ လေဘေးကြိုတင်ကာကွယ်ရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ရွှေမြိုင်သီရိရပ်ကွက်၌ စတင်ပြုလုပ်ပေးပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ကျောက်တန်းရပ်ကွက်၌ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် မုဒုံမြို့နယ် စသည့် မြို့နယ် လေးမြို့နယ်အတွင်းရှိ ရပ်ကွက်ကိုးရပ်ကွက်၊ ကျေးရွာ ခုနစ်ရွာ စုစုပေါင်း ရပ်ကွက်/ကျေးရွာ ၁၆ ခုတို့မှ သတ်မှတ်ချက်နှင့် ကိုက်ညီသော အိမ်ခြေ ၁၆၀၀ ကျော်ကို လေပြင်းဒဏ်ခံကြံ့ခိုင်စွမ်းအားရှိစေရန် အိုးအိမ်များကို အားဖြည့်ပြင်ဆင်မှုဖြင့် သွပ်နန်းကြိုးများ တုပ်ဆိုင်းပေးခြင်း၊ ကျားကန်ထောင်မတ်ပေးခြင်း၊ ဝါးထရံ၊ ဓနိ၊ သက်ငယ်များ အသုံးပြုပြီး အားဖြည့်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၃ ရက်မှ မတ်လ ပထမပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ အိုးအိမ်များ အားဖြည့်၊ ပြင်ဆင်၊ မွမ်းမံခြင်းဆောင်ရွက်ရာသို့ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော ပူးပေါင်းအဖွဲ့များအား အားပေးစကားပြောကြားသည်။ **ပြည်နယ်(မြန်/ဆက်)**

ကျော့သောင်းမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

ကျော့သောင်း ဖေဖော်ဝါရီ ၂၇

ကျော့သောင်းမြို့၌ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးနေယုက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများကို သင်တန်းသား သင်တန်းသူ ၃၀ အား နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

ညောင်ကိုင်းရေလှောင်တမံမှ စိုက်ပျိုးရေများ ဖြန့်ဝေ

ပန်းတောင်း ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ နွေစပါးစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ ညောင်ကိုင်းရေလှောင်တမံ ရေထုတ်တူးမြောင်းမကြီးမှ နွေစပါးစိုက်ပျိုးမြေ ၆၂၅ ဧကနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်စေရေးအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးလျက်ရှိသည်။

ဒေသခံတောင်သူများ ရာသီအလိုက် နွေစပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးနှင့် နွေစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လပြည့်လင်း(မြန်/ဆက်)**

အောင်လံမြို့နယ်၌ ပဒဲဆည်ရေသောက်ဧရိယာအတွင်း နွေသီးနှံများ စတင်စိုက်ပျိုး

အောင်လံ ဖေဖော်ဝါရီ ၂၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ဒေသခံတောင်သူများ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ပဒဲရေလှောင်တမံမှ စိုက်ပျိုးရေများကို ဇန်နဝါရီ ၂၀ ရက်မှစတင်ကာ လွှတ်ပေးလျက်ရှိသည်။

အဆိုပါ ဆည်ရေသောက်ဧရိယာများတွင် တောင်သူများက ရေယူခြင်း၊ မြေပြင်ခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပြီး မိုးစပါးဆည်ရေပေးဝေအပြီး ပဒဲရေလှောင်တမံတွင် ကန်ရေပြည့်ပမာဏ၏ ၈၂ ရာခိုင်နှုန်း ဆည်ရေလုံလောက်စွာ သိုလှောင်ထားရှိရာ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေလုံလောက်စွာ ရယူနိုင်ရန်အတွက် ဆောင်ရွက်ပြီး နွေစပါးသီးနှံများကို စတင်စိုက်ပျိုးထားရှိပြီးဖြစ်သည်။

အောင်လံမြို့နယ်၌ ပဒဲဆည်ရေသောက်ဧရိယာတွင် မြောင်းမကြီးတစ်လျှောက်နှင့် လက်တံမြောင်းများမှ လျာထားဧရိယာဧက ၁၃၉၀ တို့ကို လျာထားစိုက်ပျိုးလျက်ရှိကြောင်းနှင့် သီးနှံများအောင်မြင်ဖြစ်ထွန်းသည်အထိ ဆည်ရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာ(မြန်/ဆက်)**

တီးတိန်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးစောင့်ရှောက်မှုပေး

တီးတိန် ဖေဖော်ဝါရီ ၂၇

ချင်းပြည်နယ်တီးတိန်မြို့၌ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်နှင့် ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တီးတိန်ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို အဆိုပါကျောင်း၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် အဖွဲ့ဝင်များက သွားရောက်အားပေးကာ ဆေးဝါးများနှင့် အားဖြည့်ဓာတ်ဆားထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(မြန်/ဆက်)**

ဥတ္တရသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော် သီရိငါးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ဥတ္တရသီရိမြို့နယ်ရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းတင်ပြသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

သရက်မြို့၌ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေး

သရက် ဖေဖော်ဝါရီ ၂၇

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဆောင်ရွက်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထက်နန္ဒာထွန်းတို့က မီးခိုးမြူငွေ့များအကြောင်း၊ မီးခိုးမြူငွေ့အမျိုးအစား၊ မီးခိုးမြူငွေ့ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများနှင့် ဆိုးကျိုးသက်ရောက်မှုများအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ဇော်ထက်(သရက်)

ပေါက်ခေါင်းမြို့နယ်၌ မိုးနှောင်းဝါ ၈၉၇၂ ဧက ရိတ်သိမ်းပြီးစီး

ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သော မိုးနှောင်းဝါကို ဧက ၉၃၂၂ ဧက လျာထားစိုက်ပျိုးရာ ဧက ၈၉၇၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်၌ ရာသီအလိုက် သီးနှံမျိုးစုံကို ဧကအများအပြား စိုက်ပျိုးထားရှိရာ မိုးရာသီစိုက်ပျိုးသီးနှံ တစ်မျိုးဖြစ်သော မိုးနှောင်းဝါမျိုးကွဲများဖြစ်သည့် ခမရဝါ၊ ရွှေတောင်-၈၊ ငွေနှင်းမှုံ အစရှိသည့် ဝါမျိုးကွဲများကို ဧက ၉၃၂၂ ဧက လျာထားစိုက်ပျိုးနိုင်ပြီး ရွှေတောင်-၈ နှင့် ခမရဝါ ဧက ၈၉၇၂ ဧက ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၇၁၃ ဒသမ ၃၄ ရာခိုင်နှုန်းဖြင့် ၅၅၅၇၉၃၇ ပိဿာထွက်ရှိကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(မြန်/ဆက်)**

နွေသီးနှံစိုက်ပျိုးတောင်သူများအား တောင်ညိုရေလှောင်တမံမှ စိုက်ပျိုးရေများ ဖြန့်ဝေ

နတ်တလင်း ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့တွင် ဒေသခံတောင်သူများ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစ၍ တောင်ညိုရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ပေးဝေနေပြီဖြစ်သည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာတွင် နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့အတွင်း တောင်သူများ သီးနှံအချိန်မီစိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တောင်ညိုရေလှောင်တမံမှ ဆည်ရေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နံနက်ပိုင်းမှစတင်၍ နှစ်သီးစိုက်လယ်မြေများကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ သုံးသီးစိုက်လယ်မြေများသို့ လည်းကောင်း တောင်သူများ နွေသီးနှံစိုက်ပျိုးနိုင်ရေး အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

တောင်ညိုရေလှောင်တမံမှ ဆည်ရေဖြင့် နတ်တလင်းမြို့နယ်၌ နွေစပါးစိုက်ပျိုးဧက ၂၂၃၄၁ ဧကနှင့် ဇီးကုန်းမြို့နယ်၌ နွေစပါးစိုက်ပျိုးဧက ၅၁၁၈ ဧက စုစုပေါင်း ၂၇၄၅၉ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

တပ်ကုန်းမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးနှင့် သမဝါယမလုပ်ငန်းများ စစ်ဆေး

တပ်ကုန်း ဖေဖော်ဝါရီ ၂၇

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးနှင့် သမဝါယမလုပ်ငန်းများစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ ဥတ္တရခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဗိုလ်စောဝင်းတို့က မီးခိုးမြူငွေ့လျှော့ချရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဆိုးကျိုးအန္တရာယ်များ သိရှိကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောပြီး ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် “လှ” ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်းပိုင် ဝါကြိတ်စက်၊ ရက်ကန်းစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

တင်စိုးလွင်(ပြန်/ဆက်)

အမရပူရမြို့နယ်၌ သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

အမရပူရ ဖေဖော်ဝါရီ ၂၇

အမရပူရမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ကျင်းပသည်။

ဦးစွာ အမရပူရမြို့နယ် သမဝါယမအသင်းစုသဘာပတိ ဦးသိန်းမြင့်နှင့် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးမောင်မောင်လေးက လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အသင်းစုအတွင်းရေးမှူးနှင့် အဖွဲ့ဝင်တစ်ဦးက အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်း ဖတ်ကြားပြီး သဘာပတိက အတည်ပြုသည်။ ယင်းနောက် အခြေခံသမဝါယမအသင်းများသို့ ပေးအပ်ရမည့်အစုပေါ်အမြတ်ငွေကျပ် ၈၆၄၀၀၀ ကို အသင်းဝင်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိကပေးအပ်ပြီး အစုပေါ်ချီးမြှင့်ငွေကျပ် ၆၀၄၇၅၀၀ ကို အသင်းဝင်ကိုယ်စားလှယ်တစ်ဦးအား ဦးစီးအရာရှိက ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးသီဟ(အမရ)

ဂန့်ဂေါမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကျင်းပမည့် အခြေခံပညာအထက်တန်းကျောင်း(ကျောတိုက်) စာစစ်ဌာနအား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်နှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ မောင်မျိုးမင်း

ခနေဖြူမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က အုန်းပင်ကွင်းကျေးရွာအုပ်စုရှိ ကဠနကျွန်းသာကုမ္ပဏီလီမိတက်၌ ဆောင်ရွက်စဉ်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

မြောင်းမြမြို့တွင် မီးသတ်ဦးစီးဌာနမှ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးနည်းစနစ် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို မြို့နယ်မီးသတ်စခန်း၌ ဖေဖော်ဝါရီ ၂၃ ရက်က ပြုလုပ်ရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်စဉ်။ ဇေယျာ(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် ဒလတံတားကြီးမဖွင့်လှစ်မီ အချိန်မှစ၍ မြို့တွင်းလမ်းများအား လေးလမ်းသွားအဖြစ် တိုးချဲ့ခင်းကျင်းခြင်း၊ လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်များ မောင်းနှင်သွားလာနိုင်ရေးအတွက် ဒလတံတားအဆင်းလမ်းဆုံတွင် မီးပွိုင့်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ လမ်းလယ်ကျွန်းတွင် လမ်းမီးတိုင်များစိုက်ပေးလျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့မြင်ရစဉ်။ မောင်ယဉ်ဦး

ဟိုပုံးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ဟိုပုံး ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က လွယ်တန့်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ အန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက သစ်တောပြုစု ထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများ၊ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၆

ဒေါ်လွင်လွင်မော် **နှင့်** ဦးပိန်
(၎င်း၏အထူးကိုယ်စားလှယ် စာရသူ ဒေါ်အေးသီတာ)

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၇၀၈)၊ အိမ်နံပါတ် (၁၀၈)၊ ၃၃ လမ်း၊ ၇၃ – ၇၄ လမ်းကြား၊ မောရဂီဝါရပ်ကွက်နေ ဦးပိန် (ဘ) ဦးပေါက် (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ– ဒေါ်အေးသီတာ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးပိန် (ဘ) ဦးပေါက် (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ– ဒေါ်အေးသီတာ) သင့်အပေါ်၌ တရားလို ဒေါ်လွင်လွင်မော်က “မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (ထထ–၁) ၊ ဦးပိုင်အမှတ် (၂၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးပိန် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု” ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ (၀ ဒသမ ၁၅၉) ဧက၊ မြေကွက်အမှတ် (ဥ–၆၄၁၁)၊ Original Group Co.; Ltd. အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်နီလာခင် (ဘ) ဦးခင်မောင်ထွေး ၉/တကန(နိုင်)၁၃၂၃၈၅ မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်တင်ပြ၍ ၎င်းအမည်ဖြင့် မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၉၀၉/ခ)၊ နှစ် (၆၀) မြေငှားဂရန်မူရင်းနှင့် ဧရိယာ (၀ ဒသမ ၀၂၇) ဧက၊ မြေအမျိုးအစား နှစ် (၆၀) ဂရန်မြေကွက်တစ်ကွက် အပါအဝင် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၇) ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် (၉၀၉/ခ) ဟုခေါ်တွင် သောအိမ် (၁) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသာအောင် (MYG – 127058) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက် အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေလုပ်ထုံး လုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်တိုးတိုးကျော် (စဉ် – ၈၃၈၇) LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း– ၀၉–၅၁၀၇၀၄၂

သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃)၊ မြေကွက်အမှတ် (၇၅၀)၊ နှစ် (၆၀) မြေငှားဂရန်မူရင်းနှင့် ဧရိယာ (၂၄၀၀) စတုရန်းပေ မြေအမျိုးအစား နှစ် (၆၀) ဂရန်မြေကွက်တစ်ကွက် အပါအဝင် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃) ရပ်ကွက်၊ ဆည်မြောင်း (၄) လမ်း၊ အမှတ် (၇၅၀) ဟုခေါ်တွင်သော အိမ် (၁) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်စိုး ၁၂/အစန(နိုင်) ၁၃၇၃၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက် အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်တိုးတိုးကျော် (စဉ် – ၈၃၈၇) LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း– ၀၉–၅၁၀၇၀၄၂

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း (၃၀)၊ ၆၈ x ၇၀ လမ်းကြားရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့ (၂၀၂၆–၂၀၂၇) ဘဏ္ဍာရေးနှစ်တွင် ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုငှားရမ်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** – ၃–၃–၂၀၂၆ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၁၆–၃–၂၀၂၆ ရက် (တနင်္လာနေ့) ညနေ (၄:၀၀) နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန် အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့၊
ဖုန်း – ၀၂–၄၀၆၅၆၃၄, ၀၂–၄၀၆၆၆၉၁, ၀၂–၄၀၆၆၆၉၂

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ် ဌာန၏ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူမည့် Mini Excavator (5.5 –Ton) ၄ စီးနှင့် Tractor ၆ စီး၊ စုစုပေါင်း ယန္တရား ၁၀ စီး တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** – ၂၇–၂–၂၀၂၆ ရက်၊ (၀၉:၃၀) နာရီ
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** – ၉–၃–၂၀၂၆ ရက်၊ (၁၆:၀၀) နာရီ
(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူ/ တင်သွင်းရမည့်နေရာ** – စက်ရုံနှင့် မော်တော် ယာဉ်ဌာန၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ

၂။ တင်ဒါလျှောက်လွှာနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စက်ရုံနှင့်မော်တော်ယာဉ် ဌာန ဖုန်း–၀၆၇ – ၃၄၃၂၀၈၃ ၊ ၀၆၇ – ၃၄၃၂၀၈၁ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင် ပါသည်။

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ် ၄၇၄(ခ)၊ အကျယ်အဝန်း အလျား ပေ (၆၀) x အနံပေ (၂၀) ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော (၁) လွှာခန်း (၆)ထပ်တိုက်၏ အပေါ်ဆုံးအလွှာ အခန်းအကျယ်အဝန်း ပေ (၁၈ x ၅၄) ပဉ္စမထပ် (၆)လွှာ တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးရောင်းချသူ ဦးဝင်းနိုင် ၁၂/ဥကမ(နိုင်)၂၆၃၀၁၁ သည် ဝယ်ယူသူ ဦးသန်းဝင်းထံသို့ ၂၆–၂–၂၀၂၆ ရက်က ဝယ်ယူပိုင်ဆိုင်ရောက်ရှိခဲ့ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိခံဝန်ပြုခဲ့ပါသဖြင့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးသန်းဝင်း ၅/တမန(နိုင်)၀၂၅၀၃၄**
အမှတ် (၃၅၅)၊ ငမိုးရိပ် (၆) လမ်း၊ အပိုင်း (၂)၊ သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း– ၀၉–၉၈၃၇၀၇၂၈၉

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂) ရပ်ကွက်၊ အကွက် အမှတ် (ဆ–၂)၊ ဦးပိုင်အမှတ် (၈၀)၊ ၇၂လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်မိုး ၅/ခတန(နိုင်)၀၀၃၆၉၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၀၂၅/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝတ်ရည်စိုး ၁၂/ဒဂမ(နိုင်)၀၀၇၈၀၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့သစ် (၃) လမ်း၊ အမှတ်(ခ/၆၈)(မြေညီထပ်/ ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်ဝင်း (၁၂/အစန(နိုင်)၂၂၂၉၁၄) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေအချို့ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက် ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများ နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စ ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးဖြိုးသက်ဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၆၁၃)
အမှတ်(၂၃)၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၀၂၅၉၀၆၇၄

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁

၁။ ဦးဝင်းနိုင် **နှင့်** ဦးကျော်မွေး
၂။ ဒေါ်အေးမွန်

တရားလိုများ **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (လ–၂)၊ အိမ်အမှတ် (၃၅)၊ ၁၁၃–၁၁၄ လမ်းကြား၊ ၇၃ လမ်း – ၇၄ လမ်းကြား၊ ချမ်းမြသာယာရပ်ကွက်နေ ဦးကျော်မွေး (ဘ) ဦးဘိုးစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်၊

တရားပြိုင် ဦးကျော်မွေး(ဘ)ဦးဘိုးစိန် သင့်အပေါ်၌ တရားလို ဦးဝင်းနိုင်ပါ – ၂ "မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည–၉၀) ၊ ဦးပိုင်အမှတ် (၂၉) ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း (၃၀ x ၄၀) ပေ ဦးကျော်မွေး အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်တတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍၊ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် အမှတ် (၅၁၄/၄)၊ ဦးပိုင်အမှတ် ၂၇၄ ခဲစင်းတောင်ခြမ်း၊ ၂၈ x ၃၀ ကြား၊ ၅၇ x ၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စုစုပြုံး ၉/မရမ(နိုင်) ၀၁၈၂၅၈၊ ဒေါ်ကြူကြူပြုံး ၉/မရမ(နိုင်)၀၁၈၂၅၉၊ ဒေါ်နုနုပြုံး ၉/မရမ(နိုင်) ၀၇၉၇၅၉၊ ဒေါ်ယုယုပြုံး ၉/အမဇ(နိုင်)၀၀၆၃၃၂၊ ဒေါ်အေးအေးပြုံး ၉/မရမ(နိုင်) ၀၇၉၇၆၀၊ ဦးမျိုးအောင် ၉/မရမ(နိုင်)၀၈၅၁၈၆၊ ဒေါ်နှင်းဝေဝေပြုံး ၉/အမဇ (နိုင်)၀၂၂၂၃၅ တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/9584 Toyota Lexus USF 40 Saloon (4x2)R (ကမ–၃)အမည်ပေါက်သူ ဒေါ်ဖြူသီဟန် ၉/ပဥလ(နိုင်)၀၂၄၀၈၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်7M/1330 BMW MINI COPPER Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူသူ ဒေါ်ဖြူသီဟန် ၉/ပဥလ(နိုင်)၀၂၄၀၈၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ဝန်တော်အိမ်ရပ်၊ အမှတ် (၈) ရပ်ကွက်နေ မခင်ဖုန်းမြတ် နှင့် မအေးအေးမြင့် ၅/ရဘန (နိုင်)၀၀၉၇၉၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်

မမိုးခိုင် ၁/ဗမန(နိုင်)၀၈၀၁၆၃ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း–၀၉–၄၅၄၇၈၁၈၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/24323 Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းမြတ်လှိုင် ၁၄/မအပ(နိုင်) ၃၇၀၇၀၉က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက် အမှတ်(၃၄၁)၊ ဦးပိုင်အမှတ် ၂၃–က/ စိန်ပန်းလမ်း x မဟာစည်လမ်းကြား၊ ယဉ်ပုံမမ္ဘာရုံလမ်းနှင့် တာရိန်လမ်း ကြားရှိ ဘိုးဘမြေကွက် အမည် ပေါက်သူ ဒေါ်ခင်ဦးလွင် ၁၂/ကတတ (နိုင်)၀၁၈၇၄၂ ၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ်(၅၂၅၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မင်းနိုင် ၉/ခအဇ(နိုင်)၀၃၅၈၇၀ က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်စိန် ၁၂/ဒဂန(နိုင်)၀၁၃၈၆၆၊ အမှတ်(၅၆)၊ ငုဝါလမ်း၊ ပုလဲ (၁) ရပ်ကွက်၊ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်သည်မှာ –

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်စိန်၏ ခင်ပွန်းဖြစ်သူ ဦးရွှေသိန်းမှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ မြေကွက်အမှတ် (၅၆) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါ သည်။ ခင်ပွန်းဖြစ်သူ ဦးရွှေသိန်း ကွယ်လွန်ပြီးနောက် ၂၃–၁–၂၀၁၅ ရက်စွဲပါ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင် အမှတ် (၈၄၆/၂၀၁၅) အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်စိန်မှ အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်၏မိတ်ဆွေ အမွေဆက်ခံပိုင်ဆိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ မြေကွက်အမှတ် (၅၆)၏ ခြေရင်းဘက်ခြမ်း၊ ဧရိယာ (အလျား ၄၅ ပေ x အနံ ၂၀၀ ပေ) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ထားခြင်းမရှိဘဲ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်စိန် တစ်ဦးတည်းကသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်စိန်၏ လွှဲအပ်ညွှန်ကြားချက်များအရ–
ဦးထက်နေဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၄၇၁/၂၅–၁၀–၁၂)
၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၂၆၂၅၉၄၁၃၅

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ချော်တွင်းကုန်း ဦးဘဟန်လမ်းသွယ်၊ အမှတ် (၅၆–စီ) တွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောလှနွယ် ၁၂/စခန(နိုင်)၀၆၈၀၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောလှနွယ်နှင့် ၎င်း၏မိဘနှစ်ပါးတို့သည် နာမည်ဂုဏ်သတင်း ကောင်းမွန်စွာဖြင့် နေထိုင်သူများဖြစ်ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောလှနွယ်နှင့် ၎င်း၏မိဘနှစ်ပါးတို့နှင့်ပတ်သက်၍ နာမည် သတင်း ပျက်စီးစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မမှန်သတင်းစကားများပြောဆိုခြင်းများ ကြားသိနေရပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏မိသားစုဝင်များအား ပတ်ဝန်းကျင်တွင်လည်းကောင်း၊ Online ပေါ်တွင်လည်းကောင်း မဟုတ်မမှန်ပြောဆိုဂုဏ်သိက္ခာချခြင်း၊ ညစ်ညမ်းစွာပြောဆိုရေးသားခြင်းများ ပြုလုပ်သည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ–
ဒေါ်စောလှနွယ်
၁၂/စခန(နိုင်)၀၆၈၀၇၈

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဝင်းပပစန္ဒာ
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၂၀၄)
ဒေါ်ဆုဆုအောင်
အထက်တန်းရှေ့နေ (စဉ်–၃၅၂၂၆)
တိုက်အမှတ်–(၁၅/၉၁) (ပထမထပ်–ဘယ်)၊ ဇာဝေယာလမ်း၊ (င/က) ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း – ၀၉–၉၄၆၅၄၂၂၆၂ ၊ ၀၉–၄၂၁၁၂၄၈၀၇

ပတ်စ်ပို့ပျောက်

(ဘ)ဦးမင်းကြူ၏သား အောင်ပြည့်စုံ ၁၁/စတန(နိုင်)၀၇၁၂၀၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၆၇၄၃၈၃၂၀

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

တနင်္သာရီမြို့နယ်၊ ချောင်းကြီးကျေးရွာ၊ ကမ်းနားလမ်းနေ (ဘ) ဦးတင်စိုး၏သမီး မကြူကြူဇင် ၆/တသရ(နိုင်)၁၀၄၉၆၄ ၏အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ မဂျူးဂျူးဇင်ဖြစ်ပြီး မဂျူးဂျူးဇင်၏ မွေးသက္ကရာဇ် အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ၁-၁၀-၂၀၀၇ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 44W/26380, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်လွင်မိုး ၁၄/ဟသတ(နိုင်)၂၂၈၂၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသ်ာတ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၄၈၂၃၇, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုမောင် ၆/ရဖန(နိုင်)၀၄၆၃၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/6144, BAJAJ 200, T/W အား စစ်တွေမြို့၊ သာယာကုန်းရပ်ကွက်နေ မောင်မြင့်ထွန်း ၁၁/စတန(နိုင်)၁၂၃၇၉၆က ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (စစ်တွေ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/13040, Honda PCX 150 , m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရှိန် ၆/ရဖန (နိုင်)၀၀၀၀၉၅မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါရှိပြီးရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

စာအုပ် စာပေ လှူမိတ်ဆွေ

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး
ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/ အလုပ်စခန်းများရှိ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူနှင့် လုပ်အားရှင်များအတွက် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်နှင့် (အရန်တစ်လစာအပါ) ရိက္ခာဆန် တစ်အိတ်လျှင် ၁၁၀ ပေါင် (ငစိန်၂၅% ဆန်) (၂၄၈၃၂)အိတ်အား သက်ဆိုင်ရာအကျဉ်းထောင်/အလုပ်စခန်းများသို့အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက်	-	၂၇-၂-၂၀၂၆ ရက်
နောက်ဆုံးရောင်းချမည့်ရက်	-	၁၂-၃-၂၀၂၆ ရက် ၁၆၀၀ နာရီထိ
တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်	-	၁၃-၃-၂၀၂၆ ရက် ၁၁၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာနှင့်တင်ဒါပုံစံ	-	တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး
ရောင်းချမည့်နေရာ	-	အကျဉ်းဦးစီးဌာန၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင်ငွေကျပ် ၂၀၀,၀၀၀/- နှုန်းဖြင့် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ထားဝယ်မြို့တွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၅၉ - ၂၀၂၃၅၄၁၊ ၀၅၉ - ၂၀၂၁၀၁၆ တို့သို့စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် ပေးသွင်းသည့်ဈေးနှုန်းနှင့် ဆန်အိတ်တန်ဖိုး၏ ၁ % ကို မြန်မာ့စီးပွားရေးဘဏ်၊ ထားဝယ်မြို့တွင် PO Cheque ပြုလုပ်၍ တင်ဒါဖွင့်မည့်နေ့ရက်တွင် တင်ဒါလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ Star City Condo၊ တိုက်အမှတ် B-2၊ အခန်းအမှတ် (301) အခန်းအမျိုးအစား 2bedrooms၊ အကျယ်အဝန်းဧရိယာ (946) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းတွင်းပါရှိသောလျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိ သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်အိအိခင် ၁၂/ပဇတ(နိုင်)၀၃၄၀၀၄ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် ဒေါ်သရဖီဖူးဖူးဟန် ၁၂/သကတ(နိုင်)၁၈၀၇၃၅ မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့်လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

ဒေါ်သရဖီဖူးဖူးဟန်
ဖုန်း-၀၉-၉၆၇၈၂၅၀၇၄

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁၀(က)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ် (၆၅/က)၊ မြေဧရိယာ (သုည ဒသမ ၀၄၁) ဧကအားမြေငှားဂရန်အမှုတွဲအမှတ်၊ ၁၀၁/၂၀၁၃-၂၀၁၄ အရ ဦးထွန်းမိုးဇော်ပါ (၂) ဦး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၄၁/၂၀၂၅) ဖြင့် ဦးတင်ဖြိုးဝေ၊ ဒေါ်သီရိဇော် တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးတင်ဖြိုးဝေ၊ ၉/ပဘန(နိုင်)၂၃၉၉၁၂၊ ဒေါ်သီရိဇော်၊ ၆/ကစန(နိုင်)၀၈၃၈၃၄ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် (၁၄၆)တွင် နေထိုင်သော (ဘ)သိန်းဝင်းထွန်း (၁၂/လသန(နိုင်)၀၀၁၇၉၇) ၏ သမီးဖြစ်သူ သန်းခေါင်စာရင်းရှိအမည် အိမြတ်နိုးဦးနှင့် ကျောင်းအမည် ROMECA အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၀၅၅ဧက)ရှိ မြေကွက်အမှတ် (ပ-၃၃၀၂၀) ကို အမည်ပေါက် ဒေါ်ဖြိုးစန္ဒီလွင် (ဘ)ဦးသက်လွင် ၁၂/ပဇတ(နိုင်)၀၃၁၂၀၈မှ ဦးညွန့်ဝင်း၊ ဒေါ်နီနီမြင့် (ဘ) ဦးဝိုင်း၊ ဦးကြင်မြင့် ၅/ရဥန(နိုင်)၀၇၅၈၉၈၊ ၁၂/လသန(နိုင်)၀၂၁၁၆၅နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အောင်ဇမ္ဗူ မြေကွက်အမှတ် (၁၀၃)၊ ဧရိယာ (၀.၀၆၂)ဧကရှိ ဦးဟန်ဦး (ဘ) ဦးကံဆင့် ၁၄/ကကထ(နိုင်)၁၂၅၀၀၉ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ဖူးသဇင်ထွန်း (ဘ) ဦးသက်ထွန်း ၉/ပမန(နိုင်)၁၈၅၃၅၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

